# အံ့ဖွယ်သော

# ကျေးဇူးမေတ္တာ

# မာတိကာ

# C D


အခန်း (၁) အံ့ဖွယ်သောကျေးဇူးမေတ္တာ ...................................... ၁

အခန်း (၂) ခက်ခဲသောပြဿနာဖြေရှင်းရာ .................................... ၁၃

အခန်း (၃) ကျေးဇူးတရားကို အဘယ်ကဲ့သို့ ချီးမွမ်းတုံ့ပြန်မလဲ .............. ၂၀

အခန်း (၄) မည်သူ့အတွက်ဖြစ်သနည်း ...................................... ၂၅

အခန်း (၅) ယုံကြည်သူများအတွက် ဘယ်လောက်အဘိုးရှိသလဲ ................ ၂၇

အခန်း (၆) မှားယွင်းသောသတင်းကောင်း .................................. ၃၉

အခန်း (၇) ပြောင်းလဲသောသူ့ သွန်သင်ရန်လွယ်ကူ .......................... ၅၁

အခန်း (၈) သီချင်းအားဖြင့် ကြွေးကြော်ကြ၏ ................................ ၅၃

အခန်း (၉) လုပ်ဆောင်ခြင်းသည် မှားသလား ................................ ၆၁

အခန်း (၁၀) ကျွန်ုပ်မေးခွန်းဖြေပေးပါ ...................................... ၆၃

အခန်း (၁၁) ကျေးဇူးတော်ကို မှားယွင်းစွာအသုံးပြုခြင်း ...................... ၇၁

အခန်း (၁၂) သန့်ရှင်းသောအသက်တာကို ဘုရားသခင်ဘယ်လိုဖြစ်စေသလဲ ..... ၇၅

အခန်း (၁၃) လမ်းတစ်လျှောက်လုံးအတွက် ကျေးဇူးတော် ...................... ၈၁

အခန်း (၁၄) အတိုချုပ်ဆွေးနွေးခြင်း ........................................ ၈၅

သော အရှင်ဘုရားသည် တစ်ထပ်တည်းဖြစ်နိုင်ပါသလဲ။ ဘာကြောင့် ဖြောင့်မတ်သောဘုရားဖြစ်ပြီး အပြစ်သားများကို ချစ်သောဘုရားဖြစ်နိုင်သလဲ။ အဲဒါပဲ ခက်ခဲသော ပြဿနာဆိုတာ။

ဂရိဗီလောဆိုဖာနာမည်ကြီး ဆိုကရေးတီးက ပလေတိုဆီသို့ ဤကဲ့သို့ ပြောဖူးပါတယ်။ ''ဘုရားသခင်က အပြစ်သားများ ခွင့်လွှတ်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဘယ်လိုမျိုးနဲ့ ခွင့်လွှတ်တယ်ဆိုတာကိုတော့ မသိနိုင်ဘူး'' ဟု ဆိုခဲ့ပါသည်။

**သတင်းကောင်း**

လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ ကျေးဇူးဂရုဏာတော်အားဖြင့်သာ ကယ်တင်ခြင်းသို့ ရောက်နိုင်ကြောင်း ရှင်းရှင်းလင်းလင်းပြောသွားတဲ့ ကျမ်းချက်ကတော့ ရောမ ၄း၄-၅ ဖြစ်ပါတယ်။ ''အကျင့်ရှိသောသူမည်သည်ကား၊ ကျေးဇူးအားဖြင့် အကျိုးကိုခံရမည်မဟုတ်။ ခံထိုက်သောအားဖြင့်ခံရ၏။ အကျင့်မရှိသောသူမည်သည်ကား မတရားသောသူ၏အပြစ်ကိုဖြေသောသူကို ယုံကြည်လျှင် သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏''။

**အောက်က ဖော်ပြသည့်အရာအားလုံး နှလုံးသွင်းဆင်ခြင်ကြည့်ပါ။**

လူတစ်ဦးအလုပ်လုပ်မှသာလျှင် လုပ်အားခရပါသည်။ အလုပ်ခိုင်းသူက သူ၏ လုပ်အားခပေးရန် အကြွေးရှိသည်။ ဤအရာသည် ကျေးဇူးတရား မဟုတ်ပါ။ လုပ်ဆောင်ခသက်သက်ဖြစ်သည်။

ဘုရားသခင်၏ ကယ်တင်ခြင်းသည် ထိုကဲ့သို့မဟုတ်ပါ။ ဘုရားသခင်၏ လူသားများအား ကယ်တင်ခဲ့သော နည်းလမ်းသည် အင်မတန်မှ ကြီးကြယ်အံ့ဖွယ်ကောင်းပါသည်။ ဘုရားသခင်က ကယ်တင်ခြင်းကို လက်ဆောင်ကဲ့သို့ လက်ခံသူ၊ ကယ်တင်ခြင်းရဖို့အတွက် အားခွန်မစိုက်သူ၊ အကျင့်မကျင့်သောသူကို ကယ်တင်ခဲ့ပါတယ်။ ဘုရားသခင် ပြင်ဆင်ပေးသော ကောင်းကင်ရွှေမြို့တော်ကြီးသို့ ဝင်စား



# အခန်း (၁)

## အံ့ဖွယ်သောကျေးဇူးမေတ္တာ

John Newton သည် ခက်ခဲခြင်းမျိုးစုံကျော်လွှားပြီး သူ၏ငယ်ရွယ်နေသောအချိန်များကို လောကတရား၌ ပျော်မွေ့ပြီးမှ သူ့အဖေ၏ ကုန်သည်စီးပွားရေးလုပ်ငန်းကို ကူညီခဲ့ပါသည်။ သူ၏ အသက်တာသည် ဆိုးသွမ်းပြီး ချစ်စရာမကောင်းပါ။ သူ့အဖေဆုံးပြီးနောက် သူသည် ကျွန်တွေကိုသယ်ဆောင်သော သင်္ဘော၌ အလုပ်လုပ်ခဲ့ပါသည်။ သူဌေးကြီးဇနီး၏ ကျွန်ဖြစ်လာခဲ့သည်။

ပင်လယ်ကြီးအလယ်၌ လေမုန်တိုင်းကြီး တိုက်ခတ်သည့်အခါ သူသည် သေလုမတတ် ကြောက်လွန်းသဖြင့် အသက်ရှင်သော ဘုရားသခင်ကို ခေါ်ခဲ့ပါသည်။ ဘုရားသခင်၏ ကောင်းမြတ်မှုကို မေးစမ်းပြီးနောက် John Newton သည် သူ အင်မတန်မှ အထင်သေးခဲ့သော ဘုရားသခင်၏ ကယ်တင်ခြင်းအကြောင်းကို ဝေငှသူတစ်ယောက်ဖြစ်လာခဲ့သည်။

ဘုရားသခင်၏ ကောင်းမြတ်မှု၊ ကယ်တင်ခြင်းအကြောင်းကို ဘယ်လိုမျိုးအားဖြင့် နားလည်လာခဲ့သလဲဆိုတာ အောက်ကဖော်ပြသည့်အတိုင်း တွေ့ရှိနိုင်ပါသည်။ ဤသီချင်းသည် ယုံကြည်သူတွေဆီ၌သာမဟုတ်ဘဲ ဘုရားသခင်၏ ကယ်တင်ခြင်းကို လက်မခံ၊ နားမလည်သောသူများကလည်း ကြိုက်နှစ်သက်ကြပါသည်။

◆ ကျေးဇူးမေတ္တာ၊ အံ့ဖွယ်ချိုသာ
ပြစ်သားငါ့ကို ကယ်ရှာ၊
ပျောက်ဆုံးရာမှ ပြန်တွေ့ခဲ့ပြီ၊
ကန်းသောမျက်စိမြင်ပြီ။

- သက်တာခရီးကြောက်ဖွယ်လမ်းမှာ
  ကျေးဇူးတော်စဉ်ရှိပါ
  ယုံကြည်ချိန်မှာ၊ ရဲရင့်အားရှိ
  ကြောက်ခြင်းလျှဉ်းမရှိပြီ။

- ဒုက္ခပြည့်ဝပြစ်နွံတွင်းမှ
  ကိုယ်တော်ထံသို့လာပြီ
  ငါ့အားကယ်တင်ကျေးဇူးတော်သည်
  အိမ်တော်သို့ ပို့ဆောင်မည်။

- နေထက်တောက်ပ ထိုပြည်တော်မှ
  အံ့ဖွယ်မေတ္တာတော်များ
  ရှေးကကဲ့သို့ ချီးမွမ်းဆိုမည်
  ကုန်ဆုံးခြင်းမရှိပြီ။

## ခက်ခဲလှသောအကြောင်းတစ်ခု

ဘုရားသခင်အတွက် ခက်ခဲခြင်းဆိုတာမရှိပါ။ ဘုရားသခင်သည် အာဏာအချုပ်အခြာနှင့် တန်ခိုးနှင့်ပြည့်ဝသူဖြစ်သည်။ ခက်ခဲခြင်းမျိုးစုံ၊ ပြဿနာအပေါင်းတို့ကို ဖြေရှင်းနိုင်သည့် အရှင်သခင်ဖြစ်သည်။ သို့သော်လည်း လူသားများအတွက် ဘုရားပြင်ဆင်ပေးထားသောအရာကို စဉ်းစားခြင်းအားဖြင့် ကျွန်ုပ်တို့က ဘုရားသခင်၌ အခက်အခဲရှိသည်ဟု ထင်တတ်ကြသည်။ ဘုရားသခင်၌ အခက်အခဲရှိသည်ဟု ပြောသောသူတိုင်း လောက၏အလိုကို ဆည်းပူးသူများဖြစ်ကြသည်။

ခက်ခဲခြင်းဆိုသည့်အရာနှင့်ပတ်သက်၍ ရှင်းလင်းချက်လုပ်ကြရအောင်။ တစ်ကယ်ဆိုရင် ဤအရာသည် ဘုရားသခင်၏ ရာထူးနှင့်ဆိုင်သော သူ၏ချစ်ခြင်းမေတ္တာနှင့် ဖြောင့်မတ်ခြင်းကြားမှ ကျွန်ုပ်တို့၏ ခံယူချက်မတူညီသော အရာသာဖြစ်ပါသည်။



ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်။ ဖန်ဆင်းခြင်းခံသောလူသားများကို ချစ်လှပါသည်။ လူသားများသည် ဘုရားသခင်၏လက်တော်ထွက်များဖြစ်ကြသည်။ ဖန်ဆင်းသမျှသောအရာအားလုံးထဲမှ လူသားများသည် ဘုရားသခင်ပို၍ချစ်ပါသည်။ လူသားများနှင့်အတူတူ အမြဲတမ်းမိတ်သဟာယဖွဲ့ရန် ဘုရားသခင်အလိုတော်ရှိသည်။

သို့သော် ပြဿနာတစ်ခုကတော့ ဘုရားသခင်သည် ဖြောင့်မတ်စုံလင်ပြီးလူသားများသည် အပြစ်သားများဖြစ်ကြသည်။ ဘုရားသခင်က အပြစ်ကိုဒီအတိုင်းမထားခဲ့ချင်ပါဘူး။ ကြည့်ရှုံနှင့် မကျေနပ်ပါ။ အပြစ်ကိုမုန်းတီးသောကြောင့် ဒဏ်ကိုလည်းပေးချင်သည်။ အပြစ်၏ အဖိုးအခသည် သေခြင်းဖြစ်သည်။ လူသားများဘုရားသခင်နှင့်အတူ ကောင်းကင်နန်းစံနိုင်ဖို့အတွက် လူသားများသည် အပြစ်မှသန့်ရှင်းစင်ကြယ်ဖို့လိုပါသည်။

ထို့ကြောင့် မိတ်ဆွေ၌ ပြဿနာရှိပါသည်။ တစ်နည်းအားဖြင့် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သလို သူ၏ချစ်ခြင်းမေတ္တာက လူသားတစ်ယောက်ပျောက်ဆုံးသွားမှာကို အလိုတော်မရှိပါ။ ဘယ်သူ့ကိုမှ ထာဝရငရဲသို့ မရောက်စေချင်ပါဘူး။ မည်သူဖြစ်စေသူနှင့်အတူတကွ ထာဝရနန်းစံစေချင်ပါသည်။

ဘုရားသခင်သည် အလင်းဖြစ်သည်။ သူ၏ဖြောင့်မတ်ခြင်းက အပြစ်သားများ၏ အပြစ်အတွက် သူ၏စိတ်ကျေနပ်မှုရှိအောင် လုပ်ဆောင်ဖို့တောင်းဆိုပါသည်။ မကောင်းသည့်အရာ တွေးတောခြင်း၊ ပြစ်မှားခြင်းအမျိုးမျိုးကြောင့် ဘုရားသခင်၏စိတ်တော်ကျေနပ်အောင် လုပ်ဖို့လိုအပ်ပါသည်။ ခွင့်လွှတ်ခြင်းမခံသောသူ မည်သူမျှကောင်းကင်၌ ဝင်စားနိုင်မည် မဟုတ်ပါ။

ဘုရားသခင်က သူ၏ဖြောင့်မတ်ခြင်းနှင့် ဆန့်ကျင်ဘက်မရှိဘဲ သူ၏ချစ်ခြင်းမေတ္တာတော်ကို အသုံးပြုခြင်းအားဖြင့် ကယ်တင်ခြင်းကို အဘယ်ကဲ့သို့လုပ်ဆောင်နိုင်ခဲ့ပါသလဲ။ ဘယ်လိုမျိုးအားဖြင့် ဖြောင့်မတ်သောဘုရားနှင့် ကယ်တင်

ကျေးဇူးတော်က လူများအား စိတ်ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရှုံ့မြေမှ မစပေးပြီး သူတို့၏ ခြေများကိုလည်း ကျောက်ပေါ်၌ တင်ပေးတော်မူတယ်။ သူတို့၏ စိတ်ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝပြီး ဘုရားသခင်ကို ချီးမွမ်းလျက် ခရစ်တော်ပြင်ဆင်ပေးသော အခန်းသို့ ဝင်သွားကြပါမည်။

Oxford (Cambridge) က ပရောဖက်စာရ် Cs Lewis M England နိုင်ငံ၏ ဘုရားသခင်မကြောက်ဆုံးသောသူဟာ ကျွန်တော်ပဲဖြစ်တယ်ဟု ဆိုပါသည်။ သူလည်း ဘုရားသခင်က ချီးမြောက်ကြောင်းကို သတ်သေခံပါတယ်။ ထိုမှုမက ''ဘုရားကို မချစ်သောသူ၊ ရန်ပြုသောသူ၊ ဘုရားသခင်ထံမှ ထွက်ပြေးဖို့သာ စဉ်းစားသူအပြစ် သားများက ကောင်းကင်တံခါးဖွင့်ပေးသူဘုရားသခင်၏ ကျေးဇူးတော်ကို ထိုက်တန်စွာ ဘယ်သူက ချီးမွမ်းခြင်း၊ ရှိသေခြင်းများပေးနိုင်မည်နည်း။

တေးရေးဆရာ Haldor Lillenas က ခရစ်တော်၏ အံ့ဖွယ်သော ကရုဏာတော်ကို ဤကဲ့သို့ရေးသားထားပါသည်။ ''ဘုရားသခင်၏ ကျေးဇူးတရားသည် ပညတ်တော်ချိုးဖောက်သည့်အရာထက် ကြီးမားပြီး ကျွန်ုပ်တို့အရှက်နှင့် အပြစ်များထက် ပိုပြီးကြီးမားသည်ဟု ဆိုပါသည်။''

ယုံကြည်သူတစ်ယောက်က ''မိမိအတွက် ဘုရားသခင်ပေးခဲ့သော အဘိုးအခသည် ကြီးမားလှပါသလား။ ဦးနှောက်၏ အကြံအစီမှာတော့ သိုးအတွက် သိုးထိန်းအသေခံသည်။ အပြစ်သားများအတွက် အပြစ်စီရင်မည့်သူ အသေခံသည်။ ဖန်ဆင်းထားသောအရာများအတွက် ဖန်ဆင်းရှင်အသေခံသည်ဟူသောအရာသည် လက်ခံနိုင်မည်မဟုတ်။ လောကတရားနည်းနှင့် ပြောမည်ဆိုလျှင် အပြစ်သားသည် သူ့အပြစ်ကြောင့် အသေခံရမည်။ စည်းမျဉ်းဖောက်ဖျက်သည့်အတွက် အပြစ်ဒဏ်ခံရမည်။ အဲဒါပဲဖြစ်သည်။ သို့သော်လည်း ဘုရားသခင်၏ ကျေးဇူးတရားသည် ထိုကဲ့သို့ ကြီးမားလှပါသည်။



နိုင်ဖို့ရန်အတွက် လုပ်ဆောင်ချက်၊ အကျင့်တရားများထားခဲ့သူမှသာလျှင် ဝင်နိုင်မည်ဖြစ်သည်။

ဘုရားသခင်က အပြစ်သားများကို ကယ်တင်ခဲ့သည်။ မကောင်းသောသူ၊ မိမိကိုမိမိအပြစ်သားဖြစ်ကြောင်း ဝန်ခံသူမှန်သမျှ ဘုရားသခင်က ကယ်တင်ခဲ့သည်။ တစ်နည်းအားဖြင့် ပြောမည်ဆိုရင် အပြစ်ဝန်ချတောင်းပန်သူမှန်သမျှ ဖြစ်သည်။

ထို့နောက် ''ယုံကြည်'' ဆိုသည့် စာလုံးလေးကို နှလုံးသွင်းကြည့်ပါ။ အင်မတန်မှ အရေးကြီးသည့် အရာဖြစ်ပါသည်။ ''ယုံကြည်'' ဆိုသည့်အရာသည် ခရစ်တော်ကို မိမိကယ်တင်ရှင်သခင်အဖြစ် ယုံကြည်လက်ခံခြင်းဖြစ်ပါသည်။ အပြစ်အတွက်အဖိုးအခပေးသူအဖြစ် လက်ခံခြင်းဖြစ်ပါသည်။ အမှန်အကန် ကောင်းကင်နိုင်ငံရောက်မည့်အကြောင်း ခရစ်တော်အပေါ်၌ အားထားခြင်းလည်း ဖြစ်ပါသည်။ ကျမ်းစာမှတ်မှတ်ရရပြောသည့်အရာကတော့ ''ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်မည့်အကြောင်းဖြစ်သည်။

## လက်အလွတ်နှင့်လာကြလော့

တစ်ဦးတစ်ယောက်သည် ခရစ်တော်ကို ယုံကြည်သည့်အခါ သူသည် ကယ်တင်ခြင်းသို့ရောက်ပြီ။ အသွေးအသားခံစားချက်အားဖြင့် မဟုတ်ဘဲ မမှားနိုင်သော ဘုရားသခင်၏ တရားတော်အားဖြင့် သိနိုင်ပါသည်။

ကယ်တင်ခြင်းသို့ရောက်ဖို့ရာ မိမိ၏လုပ်ဆောင်ချက်၊ အကျင့်များကို ထားခဲ့ဖို့ လိုအပ်သည်။ သီချင်းရေးဆရာတွေကလည်း ဤကဲ့သို့ဖွဲ့ဆိုကြပါတယ်။ Toplady ၏ ''တည်မြဲသောကျောက်'' ကို ဥပမာအားဖြင့် ကြည့်ကြပါစို့။

ကျွန်ုပ်လက် လုပ်ဆောင်ချက်မပါဘဲ
အလိုတော်သည် ပြည့်စုံသကဲ့သို့

ကျွန်ုပ်အားစိုက်မှုမပါဘဲ
ကျွန်ုပ် မျက်ရည်ကျသည့်တိုင်
အပြစ်ကိုမလွှတ်နိုင်၊
ကိုယ်တော်သာလျှင် ကယ်တင်ရှင်၊
ကျွန်ုပ်လက် လုပ်ဆောင်ချက်မပါ၊
လက်ဝါးကပ်တိုင်မှီပြီးလာပါ၏၊
စောင်မရှိသော ဆင်းရဲသူ
ရွံ့စရာကောင်းသောသူ
ကိုယ်တော်မှသာလျှင်
ကျွန်ုပ်အား အသွေးတော်အားဖြင့် ဆေးကြောပါ။

J. Proctor ကလည်း ဤကဲ့သို့ ခရစ်တော်၏ လုပ်ဆောင်ချက်များကို အောက်မေ့သတိရစေပါသည်။

> ဘာကြောင့် မောပမ်းပြီး၊ အားထုတ်ပြီး၊ ဝန်ထုပ်ဝန်ပိုးထမ်းနေကြသလဲ။ လုပ်ဆောင်ခြင်းမှ နားကြပါ။ ရှေးကတည်းက ပြီးမြောက်ခဲ့သော ခရစ်တော်၏ လုပ်ဆောင်ချက်အပေါ်၌ ယုံကြည်ခြင်းအားဖြင့် လက်မခံမခြင်း "လုပ်ဆောင်ခြင်း" သည် အသေဖြစ်သည်။ "လုပ်ဆောင်ခြင်း" သည် သေခြင်း၌ ကုန်လွန်၏။ အသေဖြစ်သည့်သင်၏ "လုပ်ဆောင်ချက်" အားလုံး ခရစ်တော်၏ ခြေတော်ရင်း၌ အပ်နှံပါ။ ခရစ်တော်ပြီးမြောက်ခဲ့သော လုပ်ဆောင်ချက်ပေါ်၌ ခိုင်မာစွာ ရပ်ကြပါ။ "အမှုအားလုံးပြီးပြီ" ခရစ်တော် အားလုံးလုပ်ဆောင်ခဲ့ပြီ။

သင်အပြစ်သား၊ ဤအရာသည် သင်၏လိုအပ်သည့်အရာမဟုတ်လား။ ပြောပါ။ ဟုတ်တယ်နော်။



## ဘုရားသခင်၏ ကျေးဇူးတော်ဂရုဏာတော်

ကျေးဇူးတရားနှင့် လက်ဆောင်ဆိုသည့် စကားလုံးသည် အင်မတန်မှ နီးစပ်ပါသည်။ ကျေးဇူးဂရုဏာတော်သည် လက်ဆောင်ဖြစ်သော်လည်း ထိုကျေးဇူးဂရုဏာတော်ကို ရရှိဖို့အတွက် ကျွန်ုပ်တို့မလုပ်ဆောင်နိုင်ပါဘူး။ ကျွန်ုပ်တို့ လုပ်ဆောင်ရန် ကြိုးစားသည့်အခါတိုင်း ကျေးဇူးဂရုဏာတော်နှင့် ပို၍ပို၍ ဝေးသထက်ဝေးဖြစ်နေပါသည်။ ဘုရားသခင်၏ ကျေးဇူးဂရုဏာတော်သည် လူ့ဦးနှောက်အသိဉာဏ်ကလိုက်၍ မမှီနိုင်အောင် နက်ရှိုင်းလှသည်။ ရှင်းလင်းစွာပြောကြားဖို့အတွက် လျှာကလည်းမတတ်နိုင်ပါ။

စစ်မှန်သော သတင်းကောင်းသည် ဘုရားသခင်၏ ကျေးဇူးကရုဏာတော်ကို ယုံကြည်လက်ခံခြင်းမှသာလျှင် ကယ်တင်ခြင်းသို့ရောက်မည် ဖြစ်ပါသည်။ ကျေးဇူးတရားဆိုသည့် အရာသည် မထိုက်တန်သော်လည်း ရရှိခြင်းသာ ဖြစ်ပါသည်။ ယုံကြည်ဆိုသည့်အရာသည် မိမိကိုယ်တိုင် လွတ်လပ်စွာရွေးခြင်းသာ ဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးကရုဏာရှင်းလင်းစွာ မသိသေးသောသူက (Gospel) ဆိုသည့် သတင်းကောင်း တိတိကျကျ သိနိုင်မည်မဟုတ်ပါ။

ဘုရားသခင်၏ ကျေးဇူးတော်သည် အံ့ဖွယ်ကောင်းလှပါသည်။ ထိုကျေးဇူးတော်က အပြစ်ကို ဝန်ချတောင်းပန်သော မိန်းမပျက်၏အပြစ်ကို လွှတ်ပေးခဲ့သည်။ သန့်ရှင်းစေပြီး အသစ်သောအသက်တာပေးပါတယ်။ ခရစ်တော်နှင့် ထာဝရနန်းစံနိုင်သည့်အဆင့်သို့ ရောက်စေပါသည်။ သူခိုးသည်လည်း သေခါနီးမှ ကယ်တင်ခဲ့ပြီး ထိုနေ့၌ပင် ပရာဒိဘုံ၌ ပို့ခဲ့ပါသည်။

ထိုကျေးဇူးတော်က ကောင်းကင်နိုင်ငံတော်သည် ပြောင်းလဲသောသူ၊ သူ့အသက်သတ်သောသူ၊ ပြစ်မှားသူ၊ အရက်သမား၊ သူခိုး၊ လိမ်ညာသူ၊ အမျိုးမျိုးကျူးလွန်ဖူးသောသူများ များပြားစေသည့်နေရာဖြစ်သည်။ ဘုရားသခင် မကယ်တင်နိုင်သောသူတစ်ယောက်မျှ မရှိပါ။

ပညတ်တရားအောက်၌ သနားကြင်နာခြင်းလုံးဝမရှိ။ ကျေးဇူးကရုဏာတော်က ဘုရားသခင်၏ သနားကြင်နာမှုကို သင်ပေးသည်။

**ကယ်တင်ခြင်း၏လုပ်ဆောင်ချက် (၇) မျိုး**

ပျက်စီးယိုယွင်းသောအပြစ်သားများ ပြန်လည်ကယ်တင်ဖို့အတွက် ဘုရားသခင်၏ ဆုံးဖြတ်ချက်သည် အကြီးဆုံးကျေးဇူးသနားကြင်နာမှုဖြစ်ပါသည်။ သူ၏ သန့်ရှင်းခြင်း၊ ချစ်ခြင်းမေတ္တာကို ကျေနပ်အားရစေဖို့လိုအပ်ပြီ။ လူသားအားလုံး တန်းတူချစ်သည့်အတွက် သူ၏ကယ်တင်ခြင်းသည်လည်း –

- လူသားအားလုံးအတွက်ဖြစ်သည်။ တစ်ယောက်မျှမလွဲစေချင်။
- လူသားအားလုံးအတွက် လုံလောက်သည်။
- ဘုရားသခင်ချိန်ခွင်၌ အလေးပြည့်စေသည်။
- လူသားအားလုံးလွယ်ကူစွာရရှိနိုင်သည်။ မရရှိနိုင်သောအရာတစ်ခုမျှမပါ။
- လူသားအားလုံးရရှိနိုင်သည်။ အကျင့်တရားအောက်၌ လူမကျင့်နိုင်သော အရာများရှိ။
- လူသား၏လုပ်ဆောင်နိုင်ခြင်း၌ ဝါကြွားစရာမရှိ။ ဝါကြွားခြင်းသည် အပြစ်၏ အရင်းအမြစ်ဖြစ်သည်။ ကောင်းကင်၌ မာန်မာနလုံးဝမရှိ။ လူသားအားလုံး ကောင်းကင်ရောက်နိုင်ဖို့အတွက် ပြင်ဆင်ရမည်။
- သို့သော်လည်း ဘုရားသခင်က သူ၏ ချစ်ခြင်းမေတ္တာနယ်နိမိတ်ကျော်လွန်ပြီး ဘယ်သူမှ အတင်းအကျပ်မခိုင်းပါ။ လွတ်လပ်စွာ ရွေးပိုင်ခွင့်ရှိပါသည်။

…☆☆☆…☆☆☆…☆☆☆…



လူတစ်ယောက်က ဤဘုရားသခင်၏ ကရုဏာတော်ကို ဤကဲ့သို့ ရေးသားထားပါတယ်။ ''ဘုရားသခင်၏ ကျေးဇူးကရုဏာတော်က မိမိသည် ကောင်းကြောင်းပြောနိုင်သူမရှာ၊ အဆိုးနှင့်အကောင်းဖော်ပြဖို့အတွက် ကျေးဇူး ကရုဏာမဟုတ်၊ ဖြောင့်မတ်ခြင်းသာဖြစ်သည်။ သို့ဖြစ်၍ ဘုရားသခင်၏ ကရုဏာတော်သည် အပြစ်သားများ၊ မိမိသည် ကောင်းသည်ဟု မထင်သူ၊ ကယ်မဲ့သူ မရှိသောသူများကို ကယ်တင်မစပြီး သန့်ရှင်းစင်ကြယ်စေပါသည်။

**ကျေးဇူးကရုဏာတော်သည် ချစ်ခြင်းထက်သာ၍ကြီးမား၏**

သူ့အသက်ကိုသတ်သောသူသည် တရားသူကြီးက သနားပြီး အပြစ်လျှော့ပေးပြီး တရားစီရင်သည့်အခါ အင်မတန်မှ ကျေးဇူးကြီးလှသည်ဟု ပြောတတ်ကြသည်။ သေထိုက်သူသည် မသေစေဘဲ ထောင်ဒဏ်နှင့်သာ တရားစီရင်ပေးခြင်းသည်၊ ကျမ်းစာဆိုလိုသည့် ကျေးဇူးတရားမဟုတ်ပါ။ ခရစ်တော်၏ ကျေးဇူးတရားသည် အပြစ်ဒဏ်ခံမည့်သူ၏ အပြစ်အားလုံးမခံစားစေဘဲ လွတ်မြောက်စေခြင်း ဖြစ်ပါသည်။

ဘုရားသခင်၏ ကျေးဇူးကရုဏာတော်သည် ပို၍ကြီးမားလှပါသည်။ ဘုရားသခင်၏ ကျေးဇူးကရုဏာတော်က အပြစ်သား၏အပြစ်အားလုံးအတွက် စီရင်ခြင်းမပြု ခွင့်လွှတ်ခဲ့ပါတယ်။ ပညတ်တရား၏ အပြစ်ပေးခြင်းကို ထိန်ချုန်ပြီး ဖြောင့် မတ်ခြင်းဝတ်ရုံကို ဝတ်စေပါသည်။

**ကျေးဇူးကရုဏာတော်သည် ဖြောင့်မတ်ခြင်းထက်သာ၍ ကြီးမြတ်၏**

ကျေးဇူးကရုဏာတော်နှင့် ဖြောင့်မတ်ခြင်းသည် ဆန့်ကျင်ဘက်ဖြစ်ကြပါသည်။ လူတစ်ဦးဦးက မိမိသည် လူကောင်းဖြစ်၍ ငါရထိုက်သောအရာများ ရလိုသည်ဟုဆိုပါက သူ၏ကောင်းမြတ်ခြင်းအဘိုးအခတောင်းနေခြင်းဖြစ်ပြီး သူရထိုက်သောအရာသည် ငရဲမီးအိုင်သာဖြစ်ပါမည်။ ဘုရားကို မိမိပြုသောအမှုအတွက် အခကြေးဘယ်တော့မှ မတောင်းပါနှင့်။

ကျေးဇူးကရုဏာတော်က ‘‘မိမိသည် အပြစ်သားဖြစ်သည်’’။ သို့သော်လည်း မိမိအပြစ်အတွက် ခရစ်တော်အသေခံခြင်းကို မိမိယုံကြည်ပြီး ခရစ်တော်သည် ကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်ပြီ။ ထာဝရအသက်ရရှိရန် မထိုက်တန်သော်လည်း ဘုရားသခင်ဆီကနေပြီး လက်ဆောင်ကဲ့သို့ လက်ခံရရှိခဲ့ပြီ။

ကျေးဇူးကရုဏာနှင့် ဖြောင့်မတ်ခြင်း၏ မတူညီချက်ကို ခရစ်တော်ကိုယ်တိုင်ကလည်း ဤသို့ဥပမာပေးခဲ့ပါတယ်။ စပျစ်ဥယျာဉ်ပိုင်ရှင်က အလုပ်သမား လိုအပ်လျက်ရှိသည်။ အလုပ်သမားတချို့သည် မနက်စောစောရောက်ရှိကြပြီး တစ်ရက်လုပ်အားခအတွက် ကြေးငွေတစ်ကျပ်ရရန် သဘောတူကြသည်။ နေ့လည်ရောက်သောအခါ အလုပ်သမားထပ်ခေါ်ပြီး သူပေးသလောက် ကျေနပ်ရန် သဘောတူကြသည်။ နေဝင်သည့်အခါ မနက်စောစောရောက်သည့်သူများသည် လုပ်အားခလက်ခံကြပြီး နေ့လည်မှရောက်သော အလုပ်သမားများကလည်း ထပ်တူရရှိကြသည်။ မနက်မှလုပ်သော အလုပ်သမားများက ဖြောင့်မတ်ခြင်းရရှိပြီး၊ နေ့လည်မှရောက်သောအလုပ်သမားများက ကျေးဇူးကရုဏာရရှိကြပါသည်။

**ကျေးဇူးကရုဏာတော်သည် ပညတ်တရားထက်သာ၍ကြီးမြတ်၏**

ပညတ်တရားက ဖြောင့်မတ်စွာနေဖို့အတွက် ပို့ချပါသည်။ ကျေးဇူးကရုဏာတော်ကတော့ ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်စေပြီး ထိုဖြောင့်မတ်ခြင်းနှင့် ညီညွတ်စွာ အသက်ရှင်နိုင်ဖို့အတွက် ပို့ချပေးပါသည်။

ပညတ်က ‘‘လုပ်ပါ။ အသက်ရှင်မယ်’’။ ကျေးဇူးကရုဏာကတော့ ‘‘အသက်ရှင်ပါ လုပ်ဆောင်နိုင်မည်’’။

ပညတ်က ‘‘ကြိုးစားပြီးအလိုတော်ကို လိုက်နာပါ’’။ ကျေးဇူးကရုဏာကတော့ ‘‘ယုံကြည်ပြီး အလိုတော်ကို လိုက်လျှောက်ပါ’’။

ပညတ်က ‘‘လုပ်ဆောင်ခိုင်းသော်လည်း၊ အောင်မြင်နိုင်ဖို့အတွက် ခွန်အားမပေးနိုင်။ အဲဒီမှာမက မလုပ်ပါက ကျိန်ဆဲပါသေးတယ်’’။ ကျေးဇူးကရုဏာ



ကတော့ လုပ်ဆောင်ရန် သွန်သင်ပေးပြီး လုပ်ဆောင်နိုင်ရန် ခွန်အားများပေးပါသည်။’’ အဲဒီမှာမကဘဲ လုပ်ဆောင်ခလက်ဆောင်ထပ်ပေးပါသည်။’’ ပညတ်ကတော့ အပြစ်ရဲ့ဒဏ်ခံစားစေပြီး ‘‘ကျေးဇူးကရုဏာကတော့ လုပ်ဆောင်ခလက်ဆောင်ပေးပါသည်။’’

ပညတ်က ‘‘အတော်ဆုံးသူကို ပြိုင်ဘက်ပြုပါသည်။ ဘာကြောင့်လဲဆိုတော့ အကောင်းဆုံးသော ပုဂ္ဂိုလ်ကလည်း ပညတ်တော်ဆယ်ပါးကို မလိုက်နာ(နိုင်) ကျေးဇူးကရုဏာတော်ကတော့ အပြစ်အများဆုံးသောသူကိုလည်း ဖြောင့်မတ်သူဖြစ်စေသည်။’’

ပညတ်က ‘‘ထုတ်ဖော်ပေးသည်။ ကျေးဇူးကရုဏာတော်က အပြစ်မသိပါ။’’

ပညတ်က ‘‘မာနထောင်လွှားစေသည်။ ကျေးဇူးကရုဏာကတော့ မာနထောင်လွှားခြင်းပင်မသိ။’’

ပညတ်က ‘‘လုပ်ကိုလုပ်ရမယ် အမိန့်သုံးသည်။’’

ကျေးဇူးကရုဏာကတော့ ‘‘လိုအပ်’’ လိုအပ်သည်။ ပညတ်က လုပ်ဆောင်ရမည့်အရာများကိုပြပြီး၊ ကျေးဇူးကရုဏာကတော့ အသစ်သောအသက်တာ၏ တောင့်တသောအရာများကို ပြပေးသည်။’’ ပညတ်၌ပြီးမြောက်ခြင်းမရှိပါ။ ကျေးဇူးကရုဏာကတော့ ‘‘အမှုပြီးပြီဟု ကြွေးကြော်ခဲ့ပါသည်။’’

ပညတ်က ‘‘ချစ်ရမယ်’’ ကျေးဇူးကရုဏာတော်ကို ဘုရားသခင်က ချစ်သောကြောင့်ဟု ဆိုပါသည်။’’

ပညတ်က ‘‘ဝန်လေးစေပြီး၊ ကျေးဇူးကရုဏာတော်က ဝန်ပေါ့စေသည်။’’

ပညတ်က ‘‘ကျွန်ခံရာဖြစ်ပြီး၊ ကျေးဇူးကရုဏာတော်က လွတ်မြောက်ရာဖြစ်သည်။’’

- ဤကယ်တင်ခြင်းသည် လူသားတိုင်းရရှိနိုင်ပါသည်။ ‘‘ကျမ်းစာက ယုံကြည်သူမှန်သမျှ ပျက်ဆီးခြင်းသို့မရောက် ထာဝရအသက်ရကြသည်’’[၁၁] ဟု ဆိုပါသည်။ ကယ်တင်ခြင်းသည် ပိုက်ဆံအားဖြင့် ဝယ်ရမယ်ဆိုရင် ကျွန်ုပ်တို့ဆင်းရဲသူတွေက ဝယ်နိုင်မည်မဟုတ်။ ပိုက်ဆံရှိသူဌေးတွေကလည်း အဘိုးအခပေးဝယ်နိုင်မှာမဟုတ်ပါဘူး။

- လူတိုင်းအတွက် လုံလောက်သည်။[၁၂] ခရစ်တော်၏ အသေခံတော်မူခြင်းကြောင့် အပြစ်အတွက် ခွင့်လွှတ်ခြင်းရှိပါပြီ။

- တစ်ယောက်မကျန်အပြစ်ရှိသောကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းလိုအပ်နေသောသူများဖြစ်ကြသည်။[၁၃] လူသည် မိမိကယ်တင်ခြင်းအတွက် မစွမ်းဆောင်နိုင်။ ကယ်တင်ခြင်းသည် ပညာရှိသူ၊ ချမ်းသာသူ၊ ကောင်းစားသောသူ၊ နာမည်ကြီးသူများအတွက်သာ မဟုတ်သည့်အတွက် ကျွန်ုပ်တို့ဝမ်းသာလျှက် ဂုဏ်ယူရမည်ဖြစ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များအတွက်သာဆိုခဲ့လျှင် ကျွန်ုပ်တို့အတွက် ဘာမှဖြစ်လာမည်မဟုတ်။ ပြီးတော့ ကယ်တင်ခြင်းသည် စာတော်သူများ၊ စကားကျွမ်းကျင်သူများ၊ မြင်နိုင်စွမ်းရှိသောသူများအတွက်သာဖြစ်မယ်ဆိုရင် ကျွန်ုပ်တို့အတွက် မျှော်လင့်ချက်လုံးဝရှိမည်မဟုတ်ပါ။ သို့သော်လည်း ဤကယ်တင်ခြင်းသည် လူတိုင်းလူတိုင်းအတွက်ဖြစ်သည်။ ဘုရားရှင်ဘုန်းကြီးပါစေ။

- လွယ်ကူစွာရနိုင်သော အရာဖြစ်သည်။ ဤကယ်တင်ခြင်း သိရှိဖို့အတွက် လောကခေတ်မှီရန်မလို၊ ပညာမဲ့လွန်းတယ်ဆိုတာမရှိဘူး။ သခင်ယေရှုက အားလုံးတန်းတူ ‘‘လာကြလော့’’[၁၄] ဟု ဖိတ်ခေါ်ပါသည်။ William Cowper ကတော့ အို . . . ကောင်းကင်အရှင်ဘုရားသခင်၏ အကြံအစည်တော်သည် လူတွေ၏ အထင်အမြင်တွေးတောခြင်းနှင့် လုံးဝမတူညီဘူး’’ ဟု ဆိုခဲ့ပါတယ်။



# အခန်း (၂)

## ခက်ခဲသောပြဿနာဖြေရှင်းရာ

အထက်နှင့်ဆိုင်သော ပြဿနာကဲ့သို့ဖြစ်သောအရာ ရှင်းလင်းဖို့တစ်ခုရှိပါသည်။ ထိုအရာသည် ကိုယ်စားပြုခြင်းနှင့် ပတ်သက်မှုရှိပါသည်။ အပြစ်သားများ၏ အပြစ်အဖိုးအခပေးဆောင်နိုင်ဖို့အတွက် ကိုယ်စားပြုနိုင်မည့်သူ၊ ကိုယ်စားပြုရန် ထိုက်တန်သူလိုအပ်နေပါသည်။ ကျွန်တော်တို့များသောအားဖြင့် ကိုယ်စားပြုခြင်းကို နားလည်မယ်လို့ ယုံကြည်ပါသည်။ အားကစားဥပမာယူကြရအောင်။ နည်းပြက ကွင်းအလယ်မှ အားနည်းသောသူ (သို့) ဒဏ်ရာရနေသောသူကိုယ်စားအစားထိုးဝင်ခိုင်းတာနှင့်အတူတူ ဖြစ်သည်။ ဓမ္မဟောင်းထဲက ဟေမြဲယုံကြည်သူတွေက ကိုယ်စားပြုခြင်းဆိုတာကို တိကျစွာ နားလည်ကြပါသည်။ ယဇ်ပလ္လင်အပေါ်၌ တိရစ္ဆာန်အကောင်ကို ထားပြီး တိရစ္ဆာန်၏ ခေါင်းပေါ်၌လက်တင်ပြီး မိမိ၏အပြစ်အတွက် ကိုယ်စားပြုသူအဖြစ် သတ်မှတ်ကြသည်။

ထိုကဲ့သို့အထက်အရာ၌ ရှုပ်ထွေးသောပြဿနာများကို ဖြေရှင်းဖို့ရာ အပြစ်သားများအတွက် ကိုယ်စားပြုပေးသူရှိဖို့ လိုအပ်သည်။ ထိုသို့ဆို ရာတွင် ကိုယ်စားပြုမည့်သူသည်လည်း ဘုရားသခင်၏ ချိန်ခွင်၌ အလေးပြည့်ဖို့ လိုပါတယ်။

**ကိုယ်စားပြုပေးမည့်သူသည် အရည်အချင်း (၅) မျိုး ရှိဖို့လိုအပ်သည်**

- ကိုယ်စားပြုပေးမည့်သူသည် လူသားဖြစ်ရမည်။ ထိုသို့မဟုတ်လျှင် ဇာတိပကတိမှ ဝိညာဉ်ပကတိသို့ အပြန်အလှန်တုံ့ပြန်ခြင်းရှိနိုင်မည်မဟုတ်ပါ။

- ကိုယ်စားပြုပေးမည့်သူသည် အပြစ်ကင်းစင်ရမည်။ ထိုသို့မဟုတ်လျှင် သူ့အပြစ်အတွက် အသေခံတာဖြစ်သွားမည်။

- ကိုယ်စားပြုပေးမည့်သူသည် ဘုရားဖြစ်ဖို့လိုသည်။ ထာဝရတည်သောသူမှ သာလျှင် လူအများတို့၏ အပြစ်များအတွက် ခွင့်လွှတ်ပေးနိုင်ရမည်။ လူသားများ၏ အပြစ်၊ ပြုလုပ်ဆဲအပြစ်နှင့် ပြုလာမည့်အပြစ်များ ဖယ်ရှားပေးနိုင်ဖို့အတွက်တော့ ကိုယ်စားပြုပေးမည့်သူ၏ အဘိုးသည် အင်မတန်မှ အဘိုးမဖြတ်နိုင်သည့်အရာဖြစ်ရပါမည်။
- အသွေးသွန်းရမည်။ ဘာကြောင့်လဲဆိုတော့ အထက်အရပ်၏ တောင်းဆိုချက်သည် အသွေးတော်ပင်ဖြစ်သည်။ အသွေးမရှိလျှင် ခွင့်လွှတ်ခြင်းလည်းမရှိနိုင်။ အသွေး၌အသက်ရှိပြီး အသက်ရှင်စေဖို့အတွက် အသက်ကိုပြင်ပေးရပါမည်။
- ကိုယ်စားပြုမည့်သူကလည်း သဘောတူမှုရှိရမည်။ ဤကဲ့သို့မဟုတ်ခဲ့လျှင် စာတန်က ကျွန်ုပ်တို့ ဘုရားသခင်ကို ခင်ဗျားကအတင်းအကြပ်ခိုင်းသည်ဟု အပြစ်ပြောပါလိမ့်မည်။

## ခရစ်တော်သည် အရည်အချင်း (၅) မျိုးနှင့်ပြည့်စုံသည်။

ဤမြေကြီးပေါ်၌ အပြစ်သားများအတွက် ကိုယ်စားပြုပေးရန် ခရစ်တော်မှသာလျှင် အရည်သွေးမှီပါသည်။

- ဗက်လင်မြို့၌ လူသားကဲ့သို့မွေးဖွားခြင်းခံပါသည်။ အပျိုကညာမယ်တော်မာရိက ဖွားမြင်ပြီးပြည့်စုံသောသူဖြစ်ပါသည်။[၁]
- ယေရှုခရစ်တော်သည် ဘုရားဖြစ်သည်။ ဘုရားသခင်၏ ရာထူးသူ့၌ရှိသည်။ သူသည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်။[၂]
- ခရစ်တော်၌ အပြစ်မရှိပါ။ လုံးဝမပြစ်ကိုမသိ။ အပြစ်လုံးဝမကျူးလွန်ဖူးပါ။ မည်သူကမျှ မငြင်းနိုင်အောင်သူသည် အပြစ်နှင့်ကင်းစင်သည်။[၃]
- ကရာနီကုန်းထက်၊ လက်ဝါးကပ်တိုင်ပေါ်တွင် အပြစ်သားများအတွက် အသွေးသွန်းခဲ့သည်။ လူတော်တော်များများက ခရစ်တော်၏ အသွေးတော်မြတ် တန်ခိုးကို မွန်မြတ်ကြောင်းနှင့် နက်နဲကြောင်း ဝန်ခံမေးစမ်းနေကြပါပြီ။[၄]
- အပြစ်သားများက ကယ်တင်ခြင်းသို့ရောက်နိုင်ဖို့အကြောင်း ခရစ်တော်သည် မိမိသဘောအလျောက် ပေးဆပ်ခဲ့လေပြီ။ ဘုရားသခင်၏ အလိုတော်ပြည့်စုံစေဖို့အတွက် ခရစ်တော်မှသာလျှင် တတ်နိုင်ပါသည်။[၅]

ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကိုယ်စားပြုပေးသူဖြစ်ကြောင်း ကျမ်းစာတစ်အုပ်လုံး၌ တွေ့နိုင်ပါသည်။ ဟေရှာယကတော့ ရဲရင့်စွာ ဤကဲ့သို့ဟောခဲ့သည်။ “ငါတို့အပြစ်ကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ သူ၏ခံစားရသော ဝေဒနာများကြောင့် ငါတို့သည် ချမ်းသာခြင်းရကြ၏။ ဘုရားသခင်သည် ခပ်သိမ်းသော ငါတို့အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။[၆] ဗတ္တိဇံယောဟန်က “လောကအပြစ်ယူဆောင်သွားသော သိုးသူငယ်ဟု တင်စားခဲ့ပါတယ်။[၇] ပေါလုကလည်း “ဘုရားသခင်သားတော်က အပြစ်သားများချစ်ကြောင်း . . . သို့ရာတွင် အသေခံသေးသည်[၈] ဟု ပြောပါတယ်။ ရှင်ပေတရုကလည်း “ငါတို့အပြစ်များကို လက်ဝါးကပ်တိုင်ပေါ်၌ သူကိုယ်တိုင်တင်ဆောင်လာခဲ့ပြီ[၉] ဟုလည်း ဆိုပါသေးသည်။ ချစ်ခြင်းမေတ္တာကို ပို၍ကြိုက်နှစ်သက်သူတစ်ဦးက ဤသို့ပြောပါတယ်။ ခရစ်တော်ကြောင့် အပြစ်များလွှတ်ခဲ့ပြီ။”[၁၀]

## ဘုရားသခင်၏ ကြိုတင်အကြံအစည်တော်၌ ပြည့်စုံသည်

ကိုယ်စားပြုယဇ်ပူဇော်ခြင်းအတွက် လိုအပ်သောအရာများသည် ခရစ်တော်၌ ပြည့်စုံလေပြီ။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ကယ်တင်ခြင်းလုပ်ငန်းခွင်ကြီးကို ဟစ်ကြွေးလို့ရပါပြီ။ သားတော်ယေရှုခရစ်တော်ကို ယုံကြည်ပြီး နောင်တရလျက် မိမိကယ်တင်ပိုင်ရှင်အဖြစ် လက်ခံသူအားလုံး၌ အပြစ်လွှတ်ခြင်းဆိုသည့် ကယ်တင်ခြင်းကို အဘိုးအခမယူဘဲ ပေးတော်မူပါသည်။

ဖြစ်ပါသည်။ သီချင်း၊ ကဗျာကဲ့သို့ ဖော်စပ်ထားသည့်အရာမဟုတ်။ ဘုရားသခင်ကိုယ်တိုင်၏ အကြံအစည်တော်ဖြစ်ပါသည်။ မြင့်မြတ်ပြီး၊ နက်ရှိုင်းသည့်အတွက် လူဦးနှောက်က မမှီနိုင်ပါ။[၂၀]

……☆☆☆……☆☆☆……☆☆☆……



- မည်သူမဆို လက်ခံရရှိနိုင်ပါသည်။[၁၅] ကယ်တင်ခြင်းသည် နောင်တရခြင်းမှ ဖြစ်လာသည့်အရာဖြစ်သည်။ ကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ရရှိနိုင်ပြီး လူတို့ခရစ်တော်ကို လက်ခံလို့ရပါသည်။ ခရစ်တော်ထက်တန်ခိုးကြီးသော အရှင်ဘုရားဘယ်ဘာသာ၌မျှ မရှိသေးပါ။ ဖန်ဆင်းခြင်းခံသောသူအားလုံးကလည်း ဖန်ဆင်းရှင်အား ကိုးကွယ်ယုံကြည်ရမည်။ အဲဒါထက် လုပ်စရာ အခြားဘာမှမရှိပါဘူး။

- ကျေးဇူးကရုဏာတော်က မာန်မာနထောင်လွှားသူကို လုံးဝမုန်းတီးပါသည်။ ကျေးဇူးတော်က ''လူတိုင်းမှာ အပြစ်ရှိတယ်လို့ ပြောပါတယ်။ ခရစ်တော်က ကယ်တင်ခြင်းလုပ်ပေးသည်။ မိမိတတ်လို့ မဟုတ်ပါ။ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ဟောပြောရ၏။ မိမိအရည်အချင်းနှင့် လုပ်ဆောင်ချက်များအားဖြင့် ကောင်းကင်ရောက်မည်မဟုတ်။ တစ်ခုတည်းသော ကျွန်ုပ်တို့ Passport သည် ခရစ်တော်တစ်ပါးသာဖြစ်သည်'' ဟု ပြောပါတယ်။ ကောင်းကင်နိုင်ငံသည် မိမိလုပ်ဆောင်ချက်အားဖြင့် ရနိုင်သော အရာမဟုတ်။ တစ်ကယ်လို့ ဖြစ်ခဲ့ရင်လည်း မာန်မာနတွေထောင်လွှားပြီး သေကုန်ကြပါလိမ့်မည်။ ပြီးတော့ ကောင်းကင်နိုင်ငံသည်လည်း ငြူစူခြင်း၊ မုန်းတီးခြင်းတိုက်ခိုက်ရာနိုင်ငံဖြစ်ရပါမည်။ Chuck Smith က ''ထိုအရာတွေကို မြင်ယောင်ပြီး ဤသို့ ပြောခဲ့ပါတယ်။ ကျွန်ုပ်သည် ထိုင်ပြီးသူပြောတာကို နားထောင်ရင်း ဘယ်လောက်ငြီးငွေ့စရာကောင်းမှန်း ပြောပြပါမယ်''[၁၆] ဟု ပြောပါတယ်။ ထိုကဲ့သို့ဖြစ်ခဲ့လျှင် ကောင်းကင်နိုင်ငံလို့ ကျွန်ုပ်တို့ ပြောနိုင်ပါမည်လား။

- ဘုရားသခင်၏ ကယ်တင်ခြင်းကို ကျွန်ုပ်တို့၌ ရွေးချယ်ပိုင်ခွင့်ရှိပါသည်။[၁၇] ဖန်ဆင်းရှင်က လူသားများကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ပေးခဲ့တယ်။ ဒါပေမယ့် ကယ်တင်ခြင်းလက်မခံနိုင်သည့်သူတွေရှိနေသေးတော အံ့သြစရာပင်ဖြစ်ပါသည်။ ဘုရားက ဘယ်သူ့ကိုမှ အတင်းအကျပ်မခိုင်းပါ။ ကျွန်ုပ်တို့

ရွေးချယ်ခြင်းမပြုလျှင် ဘုရားသခင်က အတင်းခေါ်မည်မဟုတ်ပါ။ လူသားများ၏ အကျင့်တရားသည် အလကားဖြစ်ကြောင်း သိထားဖို့ လိုပါတယ်။

- ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ အကြံစည်တော်သည် ကြီးမားပြည့်စုံလှပါသည်။ သူတောင်းဆိုသမျှ သူကိုယ်တိုင်ကဘဲ ပြည့်စုံစေပြီး အလုပ်တိုင်းအတွက် ပြုလုပ်ပေးသည်။ လက်ဝါးကပ်တိုင်ပေါ်ခရစ်တော်၏ လုပ်ဆောင်ချက်က ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် ကိုက်ညီစွာလုပ်ဆောင်စေခဲ့သည်။ ဆာလံဆရာကြီးက ဤသို့ရေးထားပါတယ်။ ‘‘ချစ်ခြင်းမေတ္တာနှင့် သစ္စာတရားသည် ညီညွတ်ခြင်းရှိကြမည်’’။[၁၈]

- ဘုရားသခင်၏ ရာထူးနှင့် လူသား၏အပြစ်အကြောင်း ကျွန်ုပ်သိပြီးဖြစ်သလို၊ ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောလမ်းကိုလည်း သိရပါပြီ။ ထိုလမ်းကလွဲပြီးရင် အခြားကယ်တင်ခြင်းလမ်းမရှိတော့ပါ။

- Max Lucado က ဤကဲ့သို့သတင်းကောင်းသည် အခြားသောဘာသာ၌ မရှိပါ။ အခြားသောသူတွေက အကျင့်တရား၊ လုပ်ဆောင်ချက်၊ ပူဇော်ခြင်း၊ နတ်ပညာတွေကို အားကိုးကြသည်။ ဤအရာကိုလုပ်ပါ။ ဒါမှ ဘုရားကပေးလိမ့်မယ်ဆိုပြီး သင်ပေးကြသည်။

- သူတို့ရိုက်သိမ်းရမည့်အရာကတော့ သေခြင်းဖြစ်ပါသည်။ လုပ်နိုင်သည်ဟု ထင်နေသရွေ့ ဝါကြွားနေမယ် မလုပ်နိုင်ဘူးဆိုရင် ကြောက်ရပါမယ်။ သူတို့အတွက် အပူအပင် အခက်အခဲ ပြောင်းလဲခြင်းသာ ရှိပါမည်။

- ခရစ်တော်ပြင်ဆင်ပေးသော နိုင်ငံတော်သည် ထိုကဲ့သို့မဟုတ်ပါ။ ဆင်းရဲသူ၊ ပညာမရှိသောသူများအတွက် လုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။ ထိုနိုင်ငံသို့ဝင်နိုင်ရန် ငွေအားဖြင့် ဝယ်စရာမလိုပါ။ ယုံကြည်သောကြောင့် အမွေကဲ့သို့ ခံစားရခြင်းသာ ဖြစ်သည်။ ဒါပေမယ့် ငါလုပ်နိုင်သည်ဟုထင်နေသရွေ့ ရနိုင်မည်



မဟုတ်။ ငါသည် မလုပ်နိုင်ပါဆိုပြီး ဝန်ခံ၊ လက်ခံမှ ရနိုင်မည်။[၁၉]

ဤကမ္ဘာပေါ်၌ ကိုးကွယ်ခြင်း (၂) မျိုးသာရှိကြောင်း John Mac Arthur ကလည်း ယုံကြည်ထားပါသည်။

- လူသား (သို့) စာတန်၏ အကြံစည်တော်အားဖြင့် လှုပ်ရှားနေသော ကိုးကွယ်ခြင်းက လူသားအနေဖြင့် လုပ်ဆောင်ရန်၊ ကျင့်သုံးရန် တိုက်တွန်းပေးပါသည်။ လောကနှင့် လောကတန်ဆာ၌ လှုပ်ရှားသောသူ၊ သက်ရှိ၊ သက်မဲ့အားလုံး၌ ဝိညာဉ်ရှိတယ်ဟု ယူဆသူ၊ ခရစ်ယာန်သွန်သင်ခြင်းများ မှားယွင်းစွာ ကိုင်ဆောင်သူတွေဟာ စာတန်၏အဖွဲ့သားများဖြစ်ကြပါတယ်။ သူတို့က ဘုရားသခင်က ကြိုက်နှစ်သက်အောင်၊ ဖြောင့်မတ်ခြင်းရဖို့အတွက် လုပ်ဆောင်ချက်ကို အခြေခံကြသည်။

- ကျမ်းစာနှင့်ကိုက်ညီအောင် အသက်ရှင်သောသူသည် ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောသူများဖြစ်ကြပါတယ်။ အခြားဘာသာဝင်တွေက ‘‘ဤအရာကို လုပ်ပါ’’ ဟု ဆိုကြပါတယ်။ ခရစ်ယာန်ယုံကြည်သူတွေကတော့ ‘‘လုပ်ပြီးပြီ’’ ဟု ပြောကြရမည်။ (ယော ၁၉း၃၀)။[၂၀] အခြားသောဘာသာတွေက ဘုရား၏စိတ်တွေရှိဖို့အတွက် လှုပ်ရှားနေကြပါတယ်။ ကျမ်းစာကတော့ ခရစ်တော်၏လုပ်ဆောင်ချက်၊ ရွေးနှုတ်ခြင်းကို လက်ခံယုံကြည်လာသူများ၌ ဘုန်းဝင်စားနိုင်ခွင့်ပေးပါသည်။

Suprgeon က ဤကဲ့သို့ ပြောပါတယ်။

> ဆိုးသွမ်းသူတစ်ယောက်အတွက် ဖြောင့်မတ်သူ၊ အသေခံတယ်ဆိုတာ ဘယ်လို ယုံနိုင်ကြမလဲ။ ဤဖြစ်ပျက်သမျှသည် အိပ်မက်မဟုတ်၊ ပုံပြင်လည်းမဟုတ်ပါ။ ဤကဲ့သို့ ကိုယ်စားပြုခြင်းသည် ကမ္ဘာပေါ်မှာတစ်ခုတည်းသော စစ်မှန်သောအရာ

ပြီး မျက်ရည်ကျရပါမည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ထဲ စိမ့်ခြင်းခံမှသာ လျှင် မှီးစမ်းနိုင်မည်။

ခရစ်တော်၏ အသေခံခြင်းသည် နောက်ဆုံးသောအရာမဟုတ်ပါ။ (၃) ရက်မြောက်၌ ရှင်ပြန်ထမြောက်ပါတယ်။ တစ်ကယ်လို့များ ပြန်လည်ပြီး မထမြောက်ဘူးဆိုရင် သူ၏သေခြင်းသည် အကျိုးမဲ့ဖြစ်ပါမည်။ အခုတော့ ခြားနားသွားပြီ။ နောက်တစ်ခါ မသေဖို့အတွက် ရှင်ပြန်ထမြောက်ခြင်းပင်ဖြစ်သည်။ မပုတ်ပျက်နိုင်သောခန္ဓာကိုယ်နှင့် အဦးဆုံးသော ရှင်ပြန်ထမြောက်သူဖြစ်သည်။ သူ၏ ရှင်ပြန်ထမြောက်ခြင်းက ဘုရားသား စစ်မှန်ကြောင်း ဖော်ပြပါသည်။ ကားတိုင်အထက်၌ သူလုပ်ဆောင်သောအရာများအတွက် ဘုရားသခင် ပီတိအားရနှစ်ထောင်းခဲ့ပါသည်။ ထို့ကြောင့် သားတော်ယုံကြည်သူမှန်သမျှသည် မပုတ်ပျက်နိုင်သော ခန္ဓာကိုယ်နှင့် ရှင်ပြန်ထမြောက်မည့်အကြောင်း တိကျရှင်းလင်းစေပါသည်။

……☆☆☆……☆☆☆……☆☆☆……



# အခန်း (၃)

## ကျေးဇူးတရားကို အဘယ်ကဲ့သို့ ချီးမွမ်းတုံ့ပြန်ကြမလဲ

လူတစ်ဦးတစ်ယောက်က ယေရှုသည် မည်သူနည်း။ ဘာလုပ်ခဲ့သလဲ။ ဘယ်သူ့အတွက် လုပ်ခဲ့သလဲ။ လက်ခံသူများအတွက် ဘာအကျိုးသက်ရောက်မှု ရှိသလဲဆိုသည့် (၄) မျိုးကို နားမလည်မခြင်း ကျေးဇူးကရုဏာတော်ကို ချီးမြောက်နိုင်မည်မဟုတ်။[၂၂]

### ယေရှုသည်မည်သူနည်း

ယေရှုသည် ငါတို့ကဲ့သို့ နုံချာသောလူသားမဟုတ်ပါ။ ဤကမ္ဘာမြေကြီးကို တန်ခိုးတော်အားဖြင့် ရစ်ပတ်သူဖြစ်သည်။[၂၃] ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲ၌ စနစ်နည်းမျိုး စုံထားပေးသူဖြစ်သည်။ ဦးနှောက်၌ ပညာထားပေးသူ ဖန်ဆင်းရှင်ဖြစ်သည်။[၂၄] သူ့အားအရာခပ်သိမ်းတို့သည် ဖန်ဆင်းလျက်ရှိ၏။[၂၅] အရာခပ်သိမ်းကို သိကျွမ်းသူ၊ နေရာတိုင်း၌ရှိသောဘုရားဖြစ်သည်။[၂၆] သန့်ရှင်းမြင့်မြတ်သူဖြစ်သည်။[၂၇]

ထာဝရချီးမွမ်းခြင်း၊ ရိုသေခြင်း၊ ကြီးမြတ်ခြင်း ကရုဏာတော်နှင့် ပြည့်ဝလျက်ရှိပါသည်။[၂၈] ကောင်းကင်တမန်များက ကိုးကွယ်ကြသည်။ "မိုးကောင်းကင်ကို မိမိလက်ဖြင့်ထွာသောသူ၊ မြေမှုန့်ကို တင်းတောင်းဖြင့် ချင့်တွက်သောသူ၊ တောင်ကြီးနှင့် တောင်ငယ်ကို ကပ်ပယ်ဖြင့်လည်းကောင်း ချိန်သောသူဖြစ်သည်။[၂၉]

### ဘာလုပ်ခဲ့သလဲ

ပြည့်စုံသော ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့ကို ချစ်သောသူဖြစ်သည်။ ကောင်းကင်တမန်တွေက ရိုသေလေးစားပြီး၊ ချီးမွမ်းခြင်းခံသူဖြစ်သော်လည်း မိမိဂုဏ်ထူး၊ အာဏာများကို ထားခဲ့ပြီး နွားစာခွက်၌ သိမ်ငယ်စွာ မွေးဖွားခြင်းခံပါ

တယ်။ ‘‘တောက်ပသောကြယ်နှင့် ကောင်းကင်ဖန်ဆင်းရှင်သည် လောကသို့ ဆင်းသက်လေပြီ။

ရှိစရာကောင်းသောလူတွေနှင့် နေထိုင်ပြီး သူဖန်ဆင်းသောလူတွေ၊ အမျိုးတွေ၏ ပုတ်ခတ်ခြင်းမျိုးစုံ ခံစားနေပါတယ်။ ဘုရားရှင်ဖြစ်သော်လည်း သတွေးထွေးခြင်းခံခဲ့သည်။ မိတ်ဆွေစဉ်းစားပါ။ အမိုးသမားတွေ၏ လုပ်စရာဟာသ၊ သီချင်းကဲ့သို့ ဖြစ်ခဲ့လေပြီ။[၂၀]

လူသားဘယ်သူမှ အကြုံဖူးသော နှိပ်စက်ခြင်းကိုခံလေပြီ။ ကျောကုန်း၌ ထွန်ယက်သကဲ့သို့ ခံစားပြီး ထိုးနှက်ခြင်းများခံစားခဲ့ပါတယ်။ Graham Kenorick က ‘‘ကောင်းကင်ကကြယ်များ ထွန်းလင်းစေသောလက်သည် – သံချောင်းများ ဆူးဝင်လေပြီ’’ ဟု ရေးထားပါသည်။

သူသည် ဆုတောင်းသည့်အခါ ကောင်းကင်တာရာများသည် တုန်လှုပ်ပြီး လူဦးနှောက်မမှီ ဘုရားသခင်က ကျွန်ုပ်တို့အပြစ်ကြွေးများကို ချစ်လှသော ခရစ်တော်ပေါ်၌ တင်ဆောင်လေပြီ။ ခရစ်တော်က ကျွန်ုပ်တို့အပြစ်ကြွေးဆပ်လို့ မပြီးမခြင်း၊ ဘုရားသခင် သူ၏အမျက်တော်ကို ခရစ်တော်ပေါ်၌ တင်ထားသည်။

လူသားတွေထံမှ ရရှိဖို့မရှိသော်လည်း ကိုယ်စားပြုပေးခြင်းသက်သက် ဖြစ်ပါတယ်။ ကားတိုင်ပေါ်၌ အပြစ်သားများအတွက် အကောင်းဆုံးသောသူသည် အသေခံလေပြီ။’’

ကောင်းကင်ကြယ်စင်များမှိန်ပြီး
မိမိအတွက် အသွေးသွန်းလောင်းပြီ
သူ၏သေခြင်းသည် အမြတ်ဆုံးသောသေခြင်းဖြစ်သည်။
ဒီထက်မြတ်သောအရာမရှိ
ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက်
ကြီးမားသောအဖိုးအခပေးပြီးဝယ်ယူပြီ



အပြစ်အတွက် ပူဇော်ခြင်းဖြစ်သည်
သြော် . . . ကြီးမားသော အံ့ဖွယ်ရာ။

J.O. Sanders က ‘‘ပညာရှိပုဂ္ဂိုလ်တွေကလည်း ကားတိုင်အထက်က ခရစ်တော်၏ အသေခံခြင်းအကြောင်းကို နက်နဲစွာထုတ်ဖော်ရန် ကြိုးစားခဲ့ပေမယ့် မမှီနိုင်ပါ’’။ ရှင်ပေါလုကဲ့သို့ ဤကဲ့သို့ပင် ဟစ်ကြွေးကြပါသည်။ ‘‘ဘုရားသခင်၏ ပညာနှင့် ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲစွတကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍မကုန်နိုင်။ ကြွတော်မူရာလမ်းတို့ကို လိုက်၍ရှာသော်လည်း မတွေ့မမှီနိုင်’’ (ရော ၁၁း၃၃)။

Harold St. John ကတော့ ကားတိုင်ပေါ်က ခရစ်တော်၌ ကျွန်ုပ်တို့ မြင်ရသော ဘုရားသခင်၏ သနားကြင်နာမှုက ကျွန်ုပ်တို့၏ အသက်တာ၌ နေရာမယူခင်တော့ ကျွန်ုပ်တို့အဖိုးအခ ဘယ်လောက်ကြီးမားကြောင်း သိနိုင်မည်မဟုတ်ဟု ပြောပါသည်။

Sporgeon ကလည်း ‘‘ကျွန်ုပ်တို့ကို ခရစ်တော်သည် အသေခံပြီး..... ကားတိုင်ထက်၌ ဆွဲခြင်းခံပြီ။ ဤအရာသည် သင့်ဘဝတစ်လျှောက်၌ အထူးခြားဆုံးသော မြင်ကွင်းတစ်ခုတည်းဖြစ်ပါလိမ့်မည်။ ကျွန်ုတို့အား အဖဘုရားသခင်ဆီသို့ ခေါ်ဆောင်နိုင်ရန်ဖြစ်သည်။ မဖြောင့်မတ်သောသူအတွက် ဖြောင့်မတ်သောသူ အသေခံပြီ။

အပြစ်မရှိသောသူ၏ ခံစားရာ၊ သန့်ရှင်းသူလည်း ခံစားပြီ။ ကြီးမြတ်သူ၏ ဆဲဆိုခြင်းခံရာ ကားတိုင်သည် ဘုန်းတန်ခိုးနှင့် ပြည့်သောသူ၏ အရှက်ခွဲခြင်းခံရာ ဖြစ်လေပြီ။[၂၁]

ကယ်တင်ရှင်ခံစားရသောအရာအားလုံးသည် သူနှင့်မထိုက်ပါ။ ခရစ်တော်ပေးသော အဖိုးအခသည် ကျွန်ုပ်တို့မတန်ပါ။ သူ၏ချစ်ခြင်းမေတ္တာအကြောင်း ပို၍ပို၍သိသောသူဖြစ်လျှင် ကျွန်ုပ်တို့စိတ်နှလုံးသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်

### မျှော်လင့်ခြင်း

ဓမ္မသစ်ကျမ်းထဲတွင် ယုံကြည်သူများအတွက် ကောင်းကင်နိုင်ငံတော်ကြီးကို ညွှန်းပါသည်။ ဤမျှော်လင့်ခြင်းသည် ဘုရားသခင်၏ကတိတော်၌ တည်နေသဖြင့် မသက်ာစရာမလိုပါ။ ယုံကြည်သူအတွက် မမြင်သေးသော်လည်း ကောင်းကင်နိုင်ငံသည် မြင်ဖူးသကဲ့သို့၊ ရောက်ဖူးသကဲ့သို့ ရှင်းရှင်းလင်းလင်းသိရပါသည်။

### ချမ်းသာခြင်း

ယေရှုက ငါ့ဆီလာကြလော့ . . . ချမ်းသာခွင့်ပေးမည်ဟု ပြောသောအရာသည် ကယ်တင်ခြင်းမှလာသော ချမ်းသာခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းရဖို့အတွက် မိမိလုပ်ဆောင်မှုမပါသည့်၊ ချမ်းသာခြင်းဖြစ်ပါသည်။ ယေရှုက ထပ်ပြောပါသေးတယ်။ ငါ့ထမ်းဘိုးကိုထမ်းလော့ . . . ငါ့ထံ၌ သင်ယူကြလော့။ ထမ်းဘိုးပေါ့ပါမည်။ ဤအရာသည် နှိမ့်ချခြင်းနှင့် ခရစ်တော်၏အသက်တာကိုကြည့်ပြီး ကျင့်သုံး၊ အမှုတော်ဆောင်ခြင်းမှ ထပ်ပြီးရရှိနိုင်ပါသည်။

### လွတ်လပ်ခြင်း

လူသားများကို လွတ်လပ်စေပါသည်။ လောက၌ပျော်မွေ့ခြင်းမဟုတ်ဘဲ ခရစ်တော်၏ ဖြောင့်မတ်ခြင်းအားဖြင့် အသက်ရှင်ခြင်း၊ ဘုရားသခင်၏ စိတ်တော်ကို ရှာခြင်းနှင့် အမှုတော်ဆောင်ခြင်း၌ လွတ်လပ်ခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ ယုံကြည်သူတွေက ပညတ်တော်၏ ချုပ်နှောင်ခြင်း၊ အပြစ်၏ အုပ်စိုးခြင်းမှ လွတ်မြောက်သော်လည်း ခရစ်တော်၏ အသစ်သောပညတ်တော်နှင့် ချစ်ခြင်းမေတ္တာ၏ ချီနှောင်ခြင်းခံသူများ ဖြစ်ကြသည်။

### တန်ဖိုးရှိခြင်း

မယုံကြည်သူတစ်ယောက်သည် မပြောင်းလဲသရွေ့ သူ၏မျှော်လင့်ချက်က ဘာလဲသိမည်မဟုတ်ပါ။ ခရစ်တော်ကို လက်ခံပြောင်းလဲပြီးမှသာလျှင် သူသည် တန်ဖိုးရှိလာပါတယ်။ ထိုအရာသည် ဘုရားသခင်ထံသို့ မိမိအသက်တာ လုံးဝအပ်



# အခန်း (၄)

## မည်သူ့အတွက် ဖြစ်သနည်း

အားလုံးအပြစ်သား၊ မသန့်ရှင်းသူ၊ ပိုးရွကဲ့သို့ဖြစ်ကြသည်။
ကူညီသူမရှိ၊ မျှော်လင့်ချက်မဲ့သူများဖြစ်ကြသည်။
ငရဲမီးအိုင်ထဲ၌ ကျရန်ထိုက်သူများဖြစ်ကြသည်။
ကျွန်ုပ်တို့၌ ချစ်စရာတစ်ခုမျှမရှိပါ။
ဘုရားကိုမုန်းသောသူ၊ ဘုရားကို မလေးစားသောသူများဖြစ်ကြသည်။

ကျွန်ုပ်တို့ ဖြောင့်မတ်ခြင်းသည်လည်း အဝတ်စုတ်ကဲ့သို့ ဖြစ်သည်။ ဘုရားသခင်၏ ရန်သူများဖြစ်ကြပါသည်။ ပရောဖက်တစ်ပါးက ဤသို့ဆိုပါတယ်။ ‘‘စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။[၉၂] ဆိုးယုတ်စဉ်းလဲသောကြောင့် ဘယ်သူကမျှ မသိနိုင်။

ဘုရားသခင်က ကျွန်ုပ်တို့ကို ဘယ်လိုမြင်သလဲဆိုတာကို စဉ်းစားကြည့်ပါ။ တစ်ချို့က ကောင်းသောစိတ်၊ တင့်တော်သောစိတ်ရှိကြတယ်။ ဘုရားကျောင်းလည်း မပျက်ဘူးကြပါ။ နေမကောင်းသူ၊ အားငယ်နေသူ၊ ခက်ခဲသောသူများကို ကူညီကြပါတယ်။ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုး သင်မြင်ဖူးမှာပါ။ သင်သည်လည်း ထိုအထဲမှ တစ်ဦးဖြစ်နိုင်သည်။

သို့သော်လည်း ဘုရားသခင်၌ ဖြောင့်မတ်ဖို့လိုအပ်သည်။ ဘယ်သူမှ ဘုရားသခင်၏ ချီးမြှောက်ခြင်း မခံစားရကြောင်း မမေ့ပါနှင့်။[၉၉] အပြစ်မကျူးလွန်ဖူးသူမရှိ။ ငါတို့ပြုသမျှသောအရာအားလုံး သူ့အမြဲချိုးဖောက်သူများဖြစ်ကြသည်။ ပြုမိသောအပြစ်တွေထက် ကြီးသောအပြစ်များကို ပြုမိနေကြပါတယ်။ တချို့သည် တစ်ချို့လူတွေထက် ကောင်းချင်ကောင်းကြမှာပါ။ သို့သော်လည်း ဘုရားသခင့်ရှေ့တော်၌ ကယ်တင်သူလိုအပ်တဲ့သူတွေဘဲ ဖြစ်ကြပါသည်။

အပြစ်၌သေသောသူများဖြစ်ကြသည်။ စာတန်အုပ်ချုပ်သော ဤလောက၌ ကြင်လည်ရှင်သန်နေသူများဖြစ်ကြသည်။ ဘုရားအလိုကို မလိုက်စားသော မိမိစိတ်၏ အလိုလိုက်သောသူများ ဖြစ်ကြပါတယ်။ ခန္ဓာကိုယ်တပ်မက်ခြင်းမှန်သမျှကို ကျူးလွန်သူများ ဖြစ်သည်။ ခရစ်တော်မပိုင်ဆိုင်သူ၊ ဘုရားမရှိသူ၊ မျှော်လင့်ခြင်းမရှိသူ၊ ဘုရားသခင်၏ အမျက်ဒေါသခံစားမည့်သူတွေ ဖြစ်ကြသည်။[၃၃]

ထိုကဲ့သို့သောသူများအတွက် ခရစ်တော်သည် အသေခံတော်မူပြီ။ ကျွန်ုပ်တို့သည် တန်ဖိုးမရှိသောသူများဖြစ်ကြသည်။ ပေ ၁၀၀၀ မြင့်သောအရပ်မှ လူသားများကြည့်သည့်အခါ ပုရွတ်ဆိတ်လောက်သာ ရှိကြပါသည်။ ဤထက်မြင့်သောအရပ်မှကြည့်မယ်ဆိုရင် မြင်စရာမရှိသော လူသားများဖြစ်ကြပါတယ်။ တန်ဖိုးမရှိလှသော်လည်း ဘုရားသခင်သည် အပြစ်သားများကိုချစ်သည်။ Vernon C. Growns က "ဤလောကသည် အရေးမကြီးကြောင်း စဉ်းစားသည့်အခါ ဘာမှမမြင်လောက်သောလူသားကို ဘုရားသခင်က ချစ်တယ်ဆိုတာ စဉ်းစားကြည့်ပါ။" ဘုရားသခင်က လူသားများကို ပင့်မြှောက်စောင့်ရှောက်တယ်ဆိုတာ အံ့သြစရာပါ။[၃၄]

ကားတိုင်သို့မှီခိုပြီး D.T. Niles ကဲ့သို့ ကျွန်ုပ်တို့ပြုသည့်အပြစ်အတွက် သူသည် အတိုင်းမရှိစေတနာထားကာ သူသည်ပြုခဲ့ပြီ။[၃၅] ခရစ်တော်သည် ကျွန်ုပ်အပြစ်အတွက် အပြစ်ကင်းစင်လျက် ကားတိုင်ပေါ် အသေခံပြီးဆိုပြီး ကျွန်ုပ်တို့ဝန်ခံရမည်ဖြစ်သည်။

......☆☆☆......☆☆☆......☆☆☆......



# အခန်း (၅)

## ယုံကြည်သူများအတွက် ဘယ်လောက်အဘိုးရှိသလဲ

ယုံကြည်သူအတွက် ခရစ်တော်သည် အသေခံခဲ့သည်။ ထိုမျှမကဘဲ ယုံကြည်ကိုးစားသောကြောင့် ဆုကျေးဇူးမင်္ဂလာများကို သွန်းလောင်းပေးပါတယ်။ ဥပမာအားဖြင့် ဤလောက၌ သူသည်သေခြင်း၊ အိုခြင်းမရှိအောင် လုပ်နိုင်သည်။ ထာဝရအသက် အကျိုးအမြတ်ရစေသည်။ ထာဝရငရဲထဲမှ ကယ်နှုတ်ပေးနိုင်သည်။

ဘုရားသခင်သည် တစ်ဦးတည်းသောသားတော်ပေးသည်သာမကဘဲ ချမ်းသာခြင်းအမွေခံသူအဖြစ် လုပ်ပေးပါသေးသည်။

ကျေးဇူးတော်ကြောင့် ဘုရားသခင်လုပ်ပေးသောအရာများကိုလည်း လေ့လာကြည့်ကြရအောင်။

### ဝမ်းသာခြင်း

ဤဝမ်းသာခြင်းသည် ပိုင်ဆိုင်မှု၊ ချမ်းသာမှုအပေါ်မှမဟုတ်၊ ဘုရားသခင်ထံမှလာသော ဝမ်းသာခြင်းပင်ဖြစ်သည်။ ဝမ်းသာခြင်း၏ ဆန့်ကျင်ဘက်ကတော့ ဝမ်းနည်းခြင်းဘဲဖြစ်သည်။ ဤဝမ်းသာခြင်းသည် ဘုရားသခင်ခရစ်တော်ထံမှ လာသောအရာဖြစ်သည်။ ထို့ကြောင့် ထာဝရတည်ရလိမ့်မည်။

### ငြိမ်သက်ခြင်း

ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်ရှိသောသူသည် ဘုရားသခင်၏ ငြိမ်သက်ခြင်းကို မှီးဆန်းကြပြီ။ ငြိမ်းချမ်းရေးကားတိုင်အောက်၌ ခိုနားသည့်အခါ ဘုရားသခင်က ငြိမ်သက်ခြင်းကို ပေးပါတယ်။ ဘုရားသခင်သည် သူတို့၏ အသက်ပေးသူဟု သိလိုက်သည့်အခါ ငြိမ်သက်ခြင်းသည် အသက်တာ၌ နေရာယူလျက်ရှိသည်။

Royce ၏ ဝန်ရိုးသည် ကျိုးသွားပါတယ်။ အနီးနားမှာရှိသော Royce ဝပ်ရှော့ဆိုင်က အသစ်လဲရန် စီစဉ်သော်လည်း Company ကမတူသဖြင့် မရဘဲပြဿနာတက်နေခဲ့ပါသည်။ England နိုင်ငံမှ Royce Company သို့ ဝန်ရိုးသစ်နှင့် စက်ကျွမ်းကျင်သူကို အကြွေးအားဖြင့် လှမ်းမှာခဲ့ရသည်။ ခရီးမှပြန်လာပြီး အကြွေးဝန်ရိုးခနှင့် စက်ပြင်ခပေးဆောင်ရန် Company သို့ သွားသည့်အခါ အကြွေးစာရင်းထဲမှာ သူ၏နာမည်ကို မတွေ့သောကြောင့် ဒီအတိုင်းပဲ ပြန်လှည့်ရတယ်လို့ ပြောပါတယ်။ ထိုကဲ့သို့ပင် ယုံကြည်သူတွေကလည်း ခရစ်တော် ၌ ဘုရားသခင်က ယုံကြည်သူ တွေ၏ အပြစ်များကို စာရင်းထဲမှ မတွေ့ရှိတော့ပါဘူး။

## စင်ကြယ်ခြင်းသို့ရောက်ကြပြီ[၄၈]

ဤကဲ့သို့ စင်ကြယ်ခြင်းဆိုသည့်အရာသည် ယုံကြည်သူတွေကို ဘုရားသခင်က ဤလောကအပြစ်မျိုးစုံမှ သေးသပ်ထားခြင်းဖြစ်ပါတယ်။ ခရစ်တော်ကို လက်ခံသည့်တစ်ပြိုင်နက် စင်ကြယ်ခြင်းသို့ ရောက်ကြပြီ။ ဗြီးမှ စင်ကြယ်ခြင်းနှင့် ညီသော အသက်တာရှိဖို့ရန်အတွက် သွန်သင်ခြင်းခံရကြသည်။ သို့သော်လည်း ကောင်းကင်ရောက်မှ ပြီးပြည့်စုံသော စင်ကြယ်ခြင်းရကြမည်ဖြစ်သည်။

## ခရစ်တော်သည် သူတို့၏မစပေးသူ[၄၉]

ခရစ်တော်သည် သူတို့၏ ယဇ်ပရောဟိတ်၊ ရှေ့ပြေး၊ ရှေ့နေဖြစ်သလို သနားကြင်နာခြင်း၊ နှစ်သိမ့်ပေးခြင်း၊ ခွန်အားတွေကို ပေးပါတယ်။ ယုံကြည်သူ အပြစ်လုပ်မိသည့်အခါ ဝန်ချတောင်းပန်ပေးသည်။ စာတန်၏ အပြစ်ရှိသူဟု ပြောသည့်အခါ သူ့လူများအတွက် အမြဲတမ်းရှေ့ပြေး လုပ်ပေးနေပါတယ်။

## သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့၌တည်တော်မူ၏[၅၀]

လူတစ်ယောက်သည် ခရစ်တော်ကို လက်ခံပြောင်းလဲလာသည့်အခါ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့၏အထဲ၌ ကိန်းဝပ်၊ တည်ဆောက်မှုပါ



နံခြင်းဖြစ်ပါသည်။ အပြစ်သားဖြစ်ကြောင်း၊ အကျင့်တရားအားဖြင့် ကောင်းကင်မရောက်နိုင်ကြောင်း တိကျစွာသိသောသူဖြစ်ပါသည်။

## အသက်ရှင်ရခြင်းအားရမှု

လူတစ်ဦးက ဘယ်လောက်ပဲ သူဌေးကြီးဖြစ်ပါစေ စိတ်ကျေနပ်အားရမှုတော့ ရနိုင်မည်မဟုတ်။ သို့သော်လည်း ခရစ်တော်နှင့်ဆိုရင် အသက်ရှင်ခြင်း၌ အားရမှုရရှိမှာဖြစ်ပါတယ်။ D. Martyn Loyo Kones က ကျွန်ုပ်ကြိုက်နှစ်သက်သော ခရစ်တော်က ကျွန်ုပ်အား စိတ်ကျေနပ်အားရမှုပေးတယ်ဟု ရေးထားပါတယ်။ ကျေးဇူးတော်က အခုဖော်ပြထားသောအရာမျှမက အများကြီးထုတ်ဖော်ပေးပါသည်။[၃၆]

ခရစ်တော်ကို ယုံကြည်လက်ခံသည့်သူအပေါင်းတို့သည်

## ထာဝရအသက်ရသောသူဖြစ်ကြသည်[၃၇]

ထိုအဘိုးအခမလိုသောလက်ဆောင်သည် ခရစ်တော်၏ အသက်ဖြစ်ပါသည်။ ခရစ်တော်ကတိပေးသည့်အတိုင်း ငြင်းပြယ်သောအသက်တာပင် ဖြစ်ပါသည်။[၃၈] ကျွန်ုပ်မွေးရာပါအသက်သည် ကန့်သတ်ချက်ရှိပြီး သေရသည်။[၃၉] ခရစ်တော်ကို ယုံကြည်လက်ခံသည့်အခါ ထာဝရအသက်ရပြီး မသေနိုင်ပါ။ ထာဝရအသက်သည် ဘုရားသခင်၏လက်ဆောင်ဖြစ်သည်။

## အပြစ်လွှတ်ခြင်းခံကြပြီ[၄၀]

ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော လောကအထုံးအဖွဲ့နှင့် စပ်ဆိုင်သော လက်မှတ်ကိုချေ၍ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ။[၄၁] အားလုံးပြီးဆုံးသွားပြီ။ ထို့ကြောင့် Samuel W. Gandy က ဤကဲ့သို့ ရေးထားပါသည်။

ကျွန်ုပ်ကျူးလွန်သောအပြစ်ဒုစရိုက်များအတွက် အပြစ်တင်ရှုတ်ချသူ၏ ကျိန်းမောင်းသံကို ကြားနေရ၏။ ပြစ်မှားခဲ့ဖို့ မိမိအပြစ်များကို သိပါပြီ။ သို့သော် လည်း ဘုရားသခင်က ဘာတစ်ခုမှ မမှတ်ပေးပါ။

## ရွေးနှုတ်ခြင်းခံကြပြီ[၄၂]

အပြစ်၏ ထောင်ထဲမှ ခရစ်တော်၏ အသွေးတော်အားဖြင့် ရွေးနှုတ်ခြင်း ကို ဆိုလိုပါသည်။ ဒီအပြစ်အတွက် အသက်ကိုပေးဆပ်ခြင်းထက် ကြီးသောအရာ ဘာတစ်ခုမျှ မရှိပါ။

## ကယ်တင်ခြင်းသို့ရောက်ကြပြီ[၄၃]

ယုံကြည်သူတွေအားလုံး၊ ထာဝရငရဲမီးအိုင်မှ ကယ်တင်လိုက်ခြင်းသာ မကဘဲ ဤလောကအပြစ်နယ်မြေမှလည်း ဘုရားသခင်အတွက် သုံးသပ်ကယ်နှုတ် ခြင်းခံသူများဖြစ်ကြသည်။ ခရစ်တော်ယုံကြည်လာသည့်တစ်ပြိုင်နက် အပြစ်အခ ပေးခြင်းမှ လွတ်ကြပါပြီ။ ဤလောကအပြစ်မှလည်း ကယ်တင်နေဆဲဖြစ်ကြပါသည်။ ဤလောကအပြစ်မှသော်လည်းကောင်း၊ ကင်းစင်ရအုံးမည်ဖြစ်သည်။

## ယေရှုခရစ်အားဖြင့် သားအရာကိုခံကြပြီ[၄၄]

ဘုရားသခင်က အပြစ်သားများ လက်ခံနိုင်ရန် တစ်ခုတည်းသောနည်း လမ်းကတော့ ခရစ်တော်၌သာလျှင် ဖြစ်ပါသည်။ ခရစ်တော်၌နေသောသူအားလုံး သည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းက လွှမ်းခြုံသဖြင့် ဘုရားသခင်က လက်ခံ ရပြီ။ ယေရှုက ခမည်းတော်ကို ချဉ်းကပ်နိုင်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ချဉ်း ကပ်နိုင် ကြပြီ။ ဇာတိကြိုးပမ်းမှုကြောင့်မဟုတ်။ ခရစ်တော်ကြောင့်သာဖြစ်သည်။

## စုံလင်သူများဖြစ်ကြပြီ[၄၅]

ခရစ်တော်ကို ယုံကြည်သူမှန်သမျှ ကောင်းကင်သို့ ရောက်ထိုက်၏။ ဘာ ကြောင့်လဲဆိုသည့်အခါ ခရစ်တော်သည် သူတို့၏စုံလင်ခြင်းဖြစ်သည်။ ခရစ်တော်



ကို ပိုင်ဆိုင်မိပြီဆိုရင် ကောင်းကင်သို့ ရောက်ထိုက်၏။ ဘုရားသခင်၏ ချိန်ခွင်၌ အလေးပြည့်ကြပြီ။

## ခရစ်တော်ကဲ့သို့ အချစ်ခံကြပြီ[၄၆]

ခရစ်တော်က ခမည်းတော်ကို ချဉ်းကပ်သကဲ့သို့ ယုံကြည်သူတွေက လည်း ချဉ်းကပ်နိုင်ကြသည်မက ဘုရားသခင်၏ အချစ်ခံစားသူများဖြစ်ကြသည်။ ခမည်းတော်က သားတော်ကိုချစ်သကဲ့သို့ သူတို့ကိုလည်း ချစ်ပါသည်။ ဤထက် မက ဘုရားသခင်က ချစ်နိုင်မည်မဟုတ်ဆိုပြီး ပြောရင်တောင် မှားမည်မဟုတ်ပါ။ ဤမှန်မြတ်သောသတင်းကောင်းသည် မိမိကိုယ်တိုင်၊ မိသားစု၊ သူငယ်ချင်းအား လုံးအတွက် အလိုအပ်ဆုံးသောအရာဖြစ်ပါသည်။

## ဖြောင့်မတ်ခြင်းသို့ရောက်ကြပြီ[၄၇]

အပြစ်သားတစ်ယောက်ဟာ ဘုရားသခင်က စီရင်ပေးမည့်အခါ ပြောစရာတစ်ခုတည်းရှိတာကတော့ အပြစ်ရှိသည်။ ဒါပဲဖြစ်ပါတယ်။ ယုံကြည်သူ သည်လည်း တရားစီရင်ခြင်း၌ ရပ်သည့်အခါ ခရစ်တော်၌ တည်သောကြောင့် ပြောစရာမရှိပါ။ ပြစ်မှားသောအပြစ်များ ရေတွက်သည့်အခါ ခရစ်တော်သည် ရှေ့ ၌ ရပ်ပြီး၊ တရားသူကြီးရှေ့မှောက်မှ သူသည် အပြစ်သားဖြစ်သည်ဟု ပြောပြီး သူ့လက်တော်နှင့်ခြေတော်၊ ချိုင့်များကိုပြပြီး သူ့အတွက် ကားတိုင်ပေါ်၌ ငါသည် သူ့အတွက် အကြွေးဆပ်ပြီးပြီဟု ပြောမည်ဖြစ်သည်။ ငါလုပ်သမျှသောအရာသည် သူ့အတွက်ဖြစ်သည် လက်ခံပေးပါဟု ပြောပါမယ်။ ပြီးတော့ တရားသူကြီးက လည်း သဘောတူပြီး ဦးညွှန့်မှာ ဖြစ်တယ်။ ပြီးတော့ သူ၌အပြစ်မရှိ၊ ဖြောင့်မတ် သောသူဆိုပြီး ကြေငြာသွားမည်ဖြစ်သည်။ ငရဲသို့ ပို့ပေးမည့်အပြစ်ကို လုံးဝမတွေ့ ရဟု ထပ်ပြီးကြေငြာမည်ဖြစ်သည်။

Rol Hessian က အင်္ဂလိပ်လူတစ်ယောက် France Royce ခရီးသွားသူ အကြောင်းပြောပြထားပါတယ်။ လမ်းဆိုးလွန်းတော့ ကံမရှိစွာဖြင့် သူစီးနှင်သော

သူ့၌ရှိပြီးသားဖြစ်သည်။ သူတို့၏ရန်သူသည် မုန်တိုင်းကဲ့သို့လာပေမယ့် အောင်နိုင်သော အခွင့်သည် လုံးဝရရှိကြရသည်။

### ကိုယ်တော်နှင့်တူကြလတ္တံ့[၆၃]

ယုံကြည်သူသည် အပြစ်ကင်းစင်သော သတို့သမီးကဲ့သို့ ခရစ်တော်နှင့် ထာဝရနေကြရလိမ့်မည်။ ဤအကြောင်းနှင့် ပတ်သက်ပြီး Darby က ကိုယ်တော်နှင့်တူကြသည်ဟူသောစကားကို စဉ်းစား၍မမှီဟု ခေါ်ဝေါ်ပါတယ်။ အံ့သြလွန်းသဖြင့် ဤသို့မေးစရာ မေးခွန်းထုတ်ထားပါသည်။

> သို့ဖြစ်လျှင် ကိုယ်တော်၏သားတော်ကဲ့သို့ ဖြစ်မလား။ မိမိအတွက် ကျေးဇူးတော်အားဖြင့် လုပ်ဆောင်ပေးခြင်းလား၊ ဘုရားသခင် (စဉ်းစား၍ မမှီနိုင်) သူ၏ဂုဏ်ကျေးဇူးက သူကဲ့သို့ ဖြစ်စေပြီ။

### ခပ်သိမ်းသောစမ္မဂ်လာတို့ကို ခရစ်တော်အားဖြင့်ရကြပြီ[၆၄]

အမှုတော်ဆောင်ကောင်းတစ်ဦးက ဤကဲ့သို့ပြောပါတယ်။ ‘‘ခဏနားပြီး သူ့ကိုကိုးကွယ်ကြရအောင်ဟု ပြောပါတယ်’’။ ဘာကြောင့်လဲဆိုတော့ မိမိသည် နေကိုကြည့်တဲ့အခါ နေမင်းသည် ကျွန်ုပ်မျက်စိကို ထိုးစိုက်သဖြင့် ခရစ်တော်၏ အလင်းတန်းက ကျွန်ုပ်ဝိညာဉ်ကို စိုက်ထိုးပါတယ်။[၆၅] Jane Austen's ကမူ ယုံကြည်သူတွေဟာ မထိုက်မတန်သော ကောင်းကြီးခံစားရသည့်အခါ ဝိညာဉ်သတိမလပ်သွားအောင် သတိထားဖို့ပြောထားပါသည်။

### အကြီးမားဆုံးသော ကျေးဇူးတော်

လောကသို့အပြစ်မဝင်ခဲ့ဘူးဆိုရင် ယုံကြည်သူတွေဟာ ဒီလောက်တန်ဘိုးကြီးမှန်း သိလာမည်မဟုတ်။ ဒီလိုပြောကြရအောင် ယုံကြည်သူသည် ခရစ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရခြင်းအကြောင်းသည် အာဒံ၏ အပြစ်ကျူးလွန်ခြင်းမတိုင်ခင်ကထက်ပို၍ ကောင်းပါသည်။ ဘာကြောင့်လဲဆိုတော့



သည်။ ဒီလိုပဲ ဤပျက်စီးတတ်သော ခန္ဓာကိုယ်သည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်လာပါမည်။ ဝိညာဉ်တော်သည် သန့်ရှင်းခြင်း၊ ကိုးကွယ်ခြင်း၊ အမှုတော်ဆောင်ခြင်းအတွက် တန်ခိုးရှင်ဖြစ်ပါသည်။ ဝိညာဉ်တော်က ယုံကြည်သူတွေ၌ ရင့်ကျက်သော အသက်တာရှိနိုင်ဖို့အတွက် တာဝန်ယူပေးနေပါသည်။

### ဝိညာဉ်တော်ဗတ္တိဇံခံကြပြီ[၅၁]

ခရစ်တော်ကိုယုံကြည်ပြီး လက်ခံသူမှန်သမျှသည် ခရစ်တော်၏ အကိုင်းများဖြစ်ကြသည်။ ယုံကြည်သူဖြစ်လာသည့်နှင့်တစ်ပြိုင်နက် သူတို့သည် ဘုရားသခင်၏ မိသားစုဝင်ဖြစ်လာပါသည်။ အသင်းတော်၏ ခေါင်းသည် ခရစ်တော်ဖြစ်သလို၊ ယုံကြည်သူအားလုံးသည် ခရစ်တော်၏ အကိုင်းများဖြစ်ကြသည်။

### ဝိညာဉ်တော်၏တံဆိပ်ရိုက်ခြင်းခံကြပြီ[၅၂]

ဝိညာဉ်တော်သည် ယုံကြည်သူများအား ဘုရားသခင်၏ သားများဖြစ်ကြောင်း အတည်ပြုတံဆိပ်ရိုက်ပေးသူဖြစ်ပါသည်။ အသွေးတော်အားဖြင့် ရွေးနှုတ်ခြင်းခံသူမှန်သမျှသည် ဤကဲ့သို့သော တံဆိပ်ရိုက်ခြင်းကို တိကျစွာခံရကြ၏။

### အမွေခံသူများဖြစ်ကြသည်[၅၃]

ယုံကြည်သူတစ်ဦးက ဝိညာဉ်သည် သူ၏အထဲ၌ ရှိကြောင်းသိသလို၊ မပျက်စီးနိုင်သော အမွေခံကြောင်း သိရှိရပါသည်။ သတို့သားက သတို့သမီးကို စေ့စပ်ထားကြောင်း သက်သေအဖြစ်လက်စွပ်ပေးသလို၊ သတို့သားခရစ်တော်ကလည်း ယုံကြည်သူများကို သူ၏သတို့သမီးဖြစ်ကြောင်း သက်သေအဖြစ် ဝိညာဉ်တော်အမွေကို ပေးပါသည်။

### ဘိသိက်ခြင်းခံကြပြီ[၅၄]

ခရစ်တော်လက်ခံသည်နှင့်အညီ ဝိညာဉ်တော်ဘိသိက်ခြင်းကို ခံရသည်။ ဤနေရာတွင် အရေးကြီးသော အရာ (၂) မျိုးတွေ့ရှိနိုင်ပါသည်။ ပထမအနေဖြင့်

သူ၏ အသက်တာသည် ဝိညာဉ်တော်က သွန်သင်ပေးပြီး အဆိုးနှင့်အကောင်းကို လုံးဝခွဲခြားတတ်ပါသည်။ ဒုတိယအနေဖြင့် ဓမ္မဟောင်းကျမ်းထဲက ပရောဖက်တွေ၊ ယဇ်ပရောဟိတ်တွေ၊ ဘုရင်တွေကို ဘိသိက်ပေးသကဲ့သို့ သူတို့သည်လည်း အမှုတော်ဆောင်ဖို့အတွက် ဘိသိက်ခြင်းခံကြသည်။

### ဘုရားသခင်အား ဆုတောင်းခြင်းအားဖြင့် ချဉ်းကပ်နိုင်ကြသည်[၅၅]

လုံးဝမထိုက်တန်၊ ဖန်ဆင်းသမျှထဲမှ မုန်းစရာအကောင်းဆုံး လူသားသည် ယုံကြည်ခြင်းအားဖြင့် ဖန်ဆင်းရှင်အား မိမိလိုအပ်သည့်အခါ အချိန်မရွေး ချဉ်းကပ်နိုင်ဖို့အတွက် ပြုလုပ်ပေးခြင်းသည် အလွန်ပင်ကြီးမားလှပါသည်။ ဘုရင်တကာ၏ ဘုရင်၊ သခင်တကာ၏သခင် အကြီးမြတ်ဆုံးသူနှင့် အမြဲတမ်း မိတ်သဟာယဖွဲ့နိုင်ခြင်းသည် ခရစ်တော်၏ အသွေးတော်၏တန်ဖိုးဖြစ်သည်။[၅၆]

နှစ်တစ်ရာမတိုင်ခင် Bernard of Clair Vaux က ခရစ်ယာန်တွေဆုတောင်းသည့်အခါ ဤကဲ့သို့ အောင်မြင်ရန် သင်ပေးခဲ့သည်။

### ကောင်းကင်တမန်ကဲ့သို့ဖြစ်ကြ၏[၅၇]

ဒုတိယမွေးဖွားခြင်းခံသည်နှင့်တစ်ပြိုင်နက် သူတို့သည် လောကနှင့် မဆိုင်၊ အထက်အရပ်နှင့် ဆိုင်ကြ၏။ ဤလောက၌ နေကြသေးသော်လည်း ဧည့်သည်၊ ခရီးသွားသူများသာ ဖြစ်ကြသည်။ အသစ်သောအုပ်ချုပ်သူကို လိုက်နာသည့်နည်းတူ ဤလောကအုပ်ချုပ်သူတွေ၏ အုပ်ချုပ်မှုကိုလည်း အထက်အရပ်နှင့် ကိုက်ညီမှုရှိပါက လိုက်နာကြပါသည်။ သူတို့၏နိုင်ငံဟောင်းသည် ပျက်စီးအုံးမည်ဖြစ်သော်လည်း သူတို့၏နိုင်ငံတော်သစ်ကြီးသည် ထာဝရတည်ခြင်းသို့ ရှိလိမ့်မည်။

### ဘုရားသားများဖြစ်ကြပြီ[၅၈]

ယောကျ်ား၊ မိန်းကလေးယုံကြည်သူအားလုံးသည် ဘုရားသခင်၏ နိုင်ငံသားများဖြစ်ကြသည်။ ရင့်ကျက်သော ပုဂ္ဂိုလ်ကြီးများကဲ့သို့ အခွင့်အရေးရှိ



ကြပါသည်။ လက်အောက်ငယ်သားကဲ့သို့မဟုတ် လွတ်လပ်သောသူများ ဖြစ်ကြသည်။ ခရစ်တော်ကို လက်ခံတာနှင့် အသစ်သော ဝိညာဉ်ဖခင်နှင့် မိခင်ကဲ့သို့ ပိုင်ကြပါပြီ။ An birth certificate ၌ ဘုရားသခင်သည် သူ၏ဖခင်ကြီးကဲ့သို့ ဖြစ်သည်။[၅၉]

သားမှန်လျှင် အမွေခံ၊ ဘုရားသခင်၏ အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည့်အကြောင်း ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခခံရလျှင် ထိုသခင်နှင့် ဆက်ဆံသော အမွေခံလည်း ဖြစ်၏။

### ဘုရားသခင်၏ အမွေခံ၊ ခရစ်တော်နှင့်အတူ အမွေခံသူများဖြစ်၏[၆၀]

ဘုရားသခင်နှင့် ခရစ်တော်၏ ချမ်းသာမှုသည် ဘယ်သူက နှိုင်းယှဉ်နိုင်မည်နည်း။ အရမ်းကြီးမားလှပါသည်။ ခရစ်တော်ကို လက်ခံယုံကြည်သူမှန်သမျှသည် ထိုအမွေများကို ခံစားရမည်ဖြစ်သည်။

### ယဇ်ပရောဟိတ်အမျိုးဖြစ်ကြပြီ[၆၁]

ဓမ္မဟောင်းထဲတွင် ယဇ်ပရောဟိတ်အလုပ်သည် လူမျိုးတစ်မျိုးမှသာ လုပ်ခွင့်ရှိပါသည်။ ဓမ္မသစ်ထဲမှာတော့ ယုံကြည်သူအားလုံးသည် ယဇ်ပရောဟိတ်များ ဖြစ်ကြပြီး အလုပ်လုပ်စရာ (၂) မျိုးဆီရှိကြပါတယ်။ ပထမအလုပ်ကတော့ ကိုးကွယ်ခြင်း၊ အသက်ရှင်ခြင်း၊ ချစ်ခြင်း၊ အမှုတော်ဆောင်ခြင်း၊ ပိုင်ဆိုင်မှုရှိသမျှတို့ကို ဘုရားသခင်ထံ၌ အပ်နှံရမည်ဖြစ်သည်။ ဒီလိုမှဘဲ အမှောင်ထဲမှ အလင်းတန်းထဲသို့ ခေါ်ဆောင်ပေးသူ၏ ကောင်းမြတ်မှုများကို ပြောကြားဖို့ရန် ခေါ်တော်မူခြင်းကို ခံကြသည်။

### အောင်နိုင်သူဖြစ်ကြသည်[၆၂]

လူတစ်ဦးသည် အဘယ်ကဲ့သို့ အောင်နိုင်သူဖြစ်နိုင်မည်နည်း။ စစ်တိုက်သည်ဖြစ်စေ၊ မတိုက်သည်ဖြစ်စေ ယုံကြည်သူသည် အောင်နိုင်သောအခွင့်သည်

ကောင်းမကောင်းဘယ်အရာရွေးမလဲ မိမိ၌လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိပါတယ်။ အမေရိကန်သမ္မတက သူ့လက်အောက်က သူ့လူတစ်ယောက် သေဆုံးသည့်အခါ ဤကဲ့သို့ပြောပါတယ်။ ''သူ၏လုပ်ဆောင်ချက်နှင့် အားထုတ်မှုများအား သူ၏ဝိညာဉ်သည် ကယ်တင်ခြင်းသို့ ရောက်ပါစေ'' ဟု ဆုတောင်းခဲ့သည်။

ကောင်းသည့်အမြင်ဝါဒရှိသော သင်းအုပ်ဆရာတစ်ပါးက ''ကောင်းသည့်အရာကိုပဲစဉ်းစား၊ ကောင်းသည့်အလုပ်လုပ်သည့်အတွက် ကောင်းကင်ရောက်မည်'' ဟု ဆိုခဲ့ဖူးပါတယ်။

နောက် သင်းအုပ်ဆရာတစ်ပါးက အကျင့်မပါ။ ယုံကြည်ခြင်းအားဖြင့်သာ ကောင်းကင်ရောက်မည်ဟု ဟောကြားပါတယ်။ ဟောပြီးတာနဲ့ တံခါးပေါက်နားမှာရပ်ပြီး လူတစ်ယောက်ကို ''ပြောင်းလဲပြီလား'' ဟု မေးခဲ့ပါတယ်။ အဲဒီလူက အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်ဟု ဖြေခဲ့ပါတယ်။

ပြောင်းလဲခါစ ယုံကြည်သူတစ်ဦးက သူ့သူငယ်ချင်းကို ''ပြောင်းလဲပြီလား'' ဟု မေးခဲ့သည်။ သူ့သူငယ်ချင်းက ဘယ်သိရမလဲဟု ပြန်ဖြေပါတယ်။ မမှန်သောသွန်သင်ခြင်းက သူတစ်ပါး၏ မျှော်လင့်ချက်ကို ပျောက်ကင်းစေပါတယ်။

အကျင့်တရားသည် လူတွေ၏စိတ်၌ နေရာယူလျက်ရှိပါတယ်။ ခရစ်တော်၏ ကယ်တင်ခြင်းလုပ်ငန်းကြီးကို ပျက်ဆီးစေပါတယ်။ ထိုကဲ့သို့သော ယုံကြည်ခြင်းက လူကိုမာနထောင်လွှားစေပါတယ်။ မိမိအားစိုက်မှုအားဖြင့် ကောင်းကင်မရောက်နိုင်ကြောင်း လုံးဝမသိကြဘူး။

ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ မှန်ကန်စွာကြည့်သည့်သူတွေတောင်မှ သီလအကျင့်ကျင့်ရန် တိုက်တွန်းတတ်ကြသည်။ ဒီကနေ့ အသင်းတော်၌လည်း ဤကဲ့သို့မှားယွင်းသော သွန်သင်ခြင်းသည် ရှိနေတတ်သည်။



ခရစ်တော်၌ အာဒံ၏သားများ ဝါကြွားခွင့်ရှိသည်။

သူတို့အဖေ၏ စွန့်ပစ်သောကောင်းကြီးထက် အခုသူတို့ခံစားရသော ကောင်းကြီးသည် ပို၍မြတ်၏။[၆၆]

မူလပုံစံအားဖြင့် အာဒံ၌ နေရမည်ဆိုရင် သူမှဆင်းသက်လာသောသူအားလုံးသည် ခရစ်တော်၌ ပြည့်စုံခြင်းကို ရနိုင်ကြမည်မဟုတ်။ ပြီးတော့ ချစ်လှစွာသောသားများဆိုပြီး အခေါ်လည်းခံမည်မဟုတ်ပါ။ ကောင်းကင်ကို မျှော်လင့်ခြင်း၊ ခရစ်တော်၌ ပုံတူဖြစ်ရခြင်းသည်လည်း ရှိမည်မဟုတ်။ အထက်က ဖော်ပြခဲ့သည့်အရာများကိုလည်း မှီးစမ်းခွင့်ရှိမှာမဟုတ်။

အပြစ်မကျူးလွန်ခင်တော့ အာဒံသည် လောက၌ ထာဝရနေသွားရမည်ဖြစ်သည်။ ခရစ်တော်၌အသက်မူကားရမည်မဟုတ်။ ဝိညာဉ်တော်၏ ကိန်းဝပ်ခြင်းကိုလည်း ခံစားမည်မဟုတ်။ ကျေးဇူးတော်ကြောင့်လာသော ကောင်းကြီးမင်္ဂလာကိုလည်း ရမည်မဟုတ်။

အပြစ်ပြုမိခဲ့လျှင် အပြစ်ဒဏ်ခံစားရမည်ကို ကြောက်စရာရှိ၏။ ကျွန်ုပ်တို့သိကြသည့်အတိုင်း အာဒံ၏အပြစ် ကျူးလွန်မှုကြောင့် ခက်ခဲခြင်း၊ သေခြင်းများ ရှိလာခဲ့သည်။ သို့သော်လည်း ခရစ်တော်၏အသေခံတော်မူခြင်းကြောင့် မထိုက်သောကောင်းကြီးများ ပေးခဲ့သည်။ ထို့ကြောင့် ခွင့်လွှတ်ခြင်းတရားကောင်းကြီးသည် အာဒံမပြစ်မှားမှီက အခြေအနေအားဖြင့် ရနိုင်မည်မဟုတ်။ . . . အပြစ်ပွားများသောနေရာ၌ ဘုရားသခင်၏ ကျေးဇူးသည်ပို၍ကြီး၏။[၆၇]

ကျွန်ုပ်တို့အပြစ်ထက်ကြီးသောအရာသည် ဘုရားသခင်၏ ကျေးဇူးတော်ပဲဖြစ်ပါသည်။

……☆☆☆……☆☆☆……☆☆☆……

# အခန်း (၆)

## မှားယွင်းသောသတင်းကောင်း

မမှန်တဲ့သတင်းကောင်းလည်း ရှိပြန်ပါတယ်။ မှန်သောသတင်းကောင်း မဟုတ်ပေမယ့် လူတွေက ယုံကြည်လက်ခံကြသည်။ သူတော်ကောင်းများ ကောင်းကင်ရောက်နိုင်ဖို့အတွက် ကောင်းသောအကျင့်၊ အလုပ်များကို လုပ်ဆောင်ရန် တိုက်တွန်းပါတယ်။ လောကအတတ်ပညာရှင်တွေက ထိုကဲ့သို့သင်ပေးကြပါတယ်။ မှန်သလိုလိုဖြစ်ပေမယ့် နောက်ဆုံးတော့ ဘုရားသခင်နှင့် ထာဝရခွဲရမည့်လမ်းဆုံး ငရဲမီးအိုင်သို့ ပို့ပေးပါတယ်။[၆၈] ဤအရာသည် အသစ်သောအရာမဟုတ်ပါ။ ဟိုး ဒေင်ဥယျာဉ်ခေတ်ကလည်းက ရှိပြီးသားပါ။ အာဒံနှင့် ဧဝက သူတို့အရှက်ကို တဖန်း ရွက်အားဖြင့် ဖုံးရန်ကြိုးစားကြပါတယ်။ လုပ်ဆောင်နိုင်သောအရာကို အားကိုးပြီး ဘုရားရှေ့၌နေကြသည်။ သို့သော်လည်း ဘုရားသခင်သည် သူတို့လုပ်သည့်အရာ များသည် မမှန်ကန်ကြောင်း ပြရတော့မည်။ အဲဒါကြောင့် ဘုရားသခင်က သူတို့ကို သရေချုံပေးခဲ့သည်။ တိရစ္ဆာန်တွေ သေရတော့မည်ဖြစ်သည်။ အသွေးလိုအပ်နေပြီ။ အာဒံနှင့် ဧဝတို့လုပ်ရမည့်အရာကတော့ ဘုရားသခင်၏အလိုတော်အတိုင်းသာ ဖြစ်သည်။ အပြစ်က ဘုရားနှင့်လူကို ဝေးစေပါတယ်။ အပြစ်သားများက ဘုရား သခင်ကို ချဉ်းကပ်၍မရနိုင်ပြီ။ တစ်ခုတည်းသောနည်းလမ်းရှိတာကတော့ အသွေး သွန်းပေးသူကို လက်ခံခြင်းသာဖြစ်သည်။

ကာနေလည်းပဲ သူ့အဖေနှင့်အမေတို့၏ ပြစ်မှားခြင်းကို မကြည့်ဘဲ အသွေး မပါဘဲ ယဇ်ပူဇော်ခဲ့သည်။ နောက်ဆုံးတော့ ထာဝရကျိန်ဆဲခြင်းပဲဖြစ်သည်။ မမှန်သောသတင်းသည် မှန်သလိုဖြစ်သော်လည်း သေခြင်းသို့ ပို့ဆောင်သောသူ ဖြစ်သည်။

### ကယ်တင်ခြင်းအတွက် ဆုတောင်းပေးခြင်း

ယဇ်ပရောဟိတ်တွေက လူတစ်ဦး၏ ကယ်တင်ခြင်းအတွက် ဆုတောင်းပေးသည်။ ဤအရာသည် ကျမ်းစာထဲတွင် မရှိပါ။

### ပညတ်တရားကို လိုက်နာခြင်း

ပညတ်တော် (၁၀) ပါး၏ အလုပ်သည် အပြစ်များစင်ကြယ်စေခြင်း မဟုတ်ဘဲ အပြစ်များကို ထုတ်ပြခြင်းသာ ဖြစ်ပါသည်။

### ရွှေကဲ့သို့သော ပညတ်တရား

မိမိအပေါ်၌ဖြစ်စေလိုသည့်အတိုင်း သူများအပေါ်၌ ပြုဖို့ရာဖြစ်ပါသည်။ သို့သော်လည်း လိုက်နာနိုင်သူနည်းလှပေသည်။

### လုပ်ဆောင်ရန်လိုအပ်သောအရာများ

ဓမ္မသစ်ကျမ်းက မိမိကိုယ်မိမိကယ်တင်ရန်အတွက် လုံးဝလုပ်ဆောင်ခြင်းအားဖြင့်မရကြောင်း အတိအလင်းပြောထားသည်။

### ကောင်းသောကျင့်ဝတ်

**ကောင်းသောကျင့်ဝတ်** – ဘယ်လောက်ထိအကျင့်ကောင်းသော်လည်း ဘုရားသခင်၏ ချိန်ခွင်၌ အလေးမပြည့်နိုင်။ လူတစ်ဦးအပြစ်ဝင်ပြီး အပြစ်၏အခ သည်သေခြင်းဖြစ်သည်။

**သူများထက်ကောင်းသော** – လူများသည် သူများထက်မိမိသည် ပို၍ ကောင်းကြောင်း ပြောနိုင်ကြသည်။ မိမိထက်သူသည် မကောင်းဟုသည့်စိတ်ရှိကြသည်။ ဤကဲ့သို့သော ဖြူစူခြင်း၊ မာန်မာနထောင်လွှားခြင်းက အကျိုးမပြတ် မပေးနိုင်ပါ။ ကျွန်ုပ်သည် အမိုက်မဲဆုံးသော အပြစ်သားဖြစ်သည်ဟု ဝန်ခံနိုင်သော သူမှသာလျှင် ကယ်တင်ခြင်းရ ကြမည်။



ပညတ်တရားကျင့်သုံးခြင်း၊ လုပ်ဆောင်ခြင်း၊ အကြွေးယူခြင်း ဤအရာ အားလုံးသည် မှားယွင်းသော သွန်သင်ခြင်းနှင့် အမျိုးတော်ကြပါတယ်။[၆၉] မှားယွင်းခြင်း သွန်သင်ချက်လက်ခံသောသူအားလုံးသည် ဘုရားသခင်၏ ချိန်ခွင်၌ အလေးပြည့်သလား၊ မပြည့်လားမှန်း မသိတတ်ကြပါဘူး။

### ချမ်းသာသော်လည်း အားနည်းနေသောခေါင်းဆောင်

ရှေးရှေးတုန်းက လုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိရန် ကြိုးစားနေသူ သူဌေးခေါင်းဆောင်ကလေးရှိပါတယ်။[၂၀] ယေရှုဆီကိုလာပြီး "ထာဝရအသက်ကို အမွေခံရအံ့သောငှာ အကျွန်ုပ်သည် ဘယ်အမှုကို ပြုရမည်နည်း" ဟု မေးခဲ့သည်။ ကယ်တင်ခြင်းကို ဝယ်ယူရန်ကြိုးစားနေသူဖြစ်သည်။ ယေရှုက လုပ်ဆောင်ခြင်းအားဖြင့် ကောင်းကင်မရောက်နိုင်ကြောင်း ပြသရန် ပညတ်တော် (၁၀) ပါးထဲမှ (၆) ခုမြောက်သောအရာကို ပြောပြသည့်အခါ ထိုပုဂ္ဂိုလ်က ပညတ်တော် အားလုံးလိုက်နိုင်ကြောင်း ပြောခဲ့သည်။ သို့သော်လည်း မလိုက်လျှောက်နိုင်ပါ။ သူ့အိမ်နီးနားချင်းကို မိမိကိုချစ်သကဲ့သို့ မချစ်နိုင်၊ ချစ်နိုင်ရင်တော့ သူ၏ ချမ်းသာမှုကို ဆင်းရဲသူများအား ပေးကမ်းရမှာဖြစ်သည်။ ပညတ်တော် (၁၀) ပါး ထဲမှ တစ်ပါးချိုးဖောက်ခြင်းသည် အားလုံးချိုးဖောက်တာနဲ့အတူတူပဲ ဖြစ်ပါသည်။ လုပ်ဆောင်ချက်မဟုတ်၊ ကျေးဇူးတော်အားဖြင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။

### ကောင်းကင်နိုင်ငံလက်မှတ်တု

လုပ်ဆောင်ခြင်းမှ ကောင်းကင်ရောက်မည်ဆိုသည့် အယူဝါဒသည် လူတွေ၏ စိတ်နှလုံး၌ အမြစ်တွယ်နေပါတယ်။ ကောင်းကင်နိုင်ငံသို့ ရောက်နိုင်ဖို့ အတွက် လက်မှတ်ကဲ့သို့ အသုံးပြုနေကြသော လုပ်ဆောင်ချက် တချို့သည်လည်း အောက်က ဖော်ပြသည့်အတိုင်းပဲ ဖြစ်ပါသည်။

## ကိုးကွယ်ခြင်း၌ နည်းဥပဒေနှင့် ထုံးတမ်းစဉ်လာ

### ရေစစ်

ဤရေစစ်သည် ပြောင်းလဲသူများ၊ ယုံကြည်သူများအတွက်သာ ဖြစ်ကြောင်း သိဖို့လိုအပ်ပါသည်။ ခရစ်တော်ကို ယုံကြည်လက်ခံသူဖြစ်ကြောင်း လူရှေ့သူရှေ့၌ မိမိကိုယ်မိမိဖော်ပြခြင်းဖြစ်ပြီး ခရစ်တော်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ အတူသေ၊ အတူရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပြသခြင်းဖြစ်ပါသည်။

### ခန့်အပ်ခြင်း (အသင်းတော်၏နည်းလမ်းစဉ်လာ)

ဤအရာသည် ကျမ်းစာထဲ၌ ဘယ်စာအုပ်ထဲမှာမှ တွေ့ရှိလို့မရသည့်အတွက် ကယ်တင်ခြင်းအတွက် လက်နက်ကဲ့သို့ အသုံးပြုရန်မရပါ။

### ဟောကြားခြင်း

အချင်းချင်းဟောကြားခြင်းအားဖြင့် အပြစ်လွှတ်ခြင်းမရှိ။ ဘုရားသခင်၏ မျှော်လင့်တောင့်တသည့်အရာကတော့ ခရစ်တော်သည် မိမိကယ်တင်ရှင်သခင်ဖြစ်သည်ဟု ယုံကြည်လက်ခံခြင်းကို ဟောကြားခြင်းဖြစ်ပါသည်။

### ပွဲတော်မင်္ဂလာ

ဤအရာသည်လည်းနှစ်ခြင်း (ဗတ္တိဇံ) ကဲ့သို့ဖြစ်ပြီး ဒုတိယမွေးဖွားခြင်းရပြီးသောသူများအတွက်သာဖြစ်သည်။ ခရစ်တော်၏ သေခြင်းကို အောက်မေ့သတိရဖို့အတွက် အသုံးပြုခြင်း ဖြစ်သည်။

### မိမိကိုယ်မိမိညှင်းဆဲခြင်း

နောင်တရခြင်းအကြောင်းကိုပြသသကဲ့သို့ မိမိကိုယ်မိမိ ညှင်းဆဲခြင်းဖြစ်ပါသည်။ ဤကဲ့သို့ပြုခြင်းသည် သမ္မာကျမ်းစာနှင့် မကိုက်ညီပါဘူး။ လူသားများအပြစ်နောင်တရဖို့ရာ ဘုရားသခင်သည် အလိုတော်ရှိပါသည်။ နောင်တရသည်ဆိုသည်မှာ အပြစ်များကို ထားခဲ့ပြီး အပြစ်လွှတ်ခြင်းအတွက် ဘုရားသခင်၌ ချဉ်းကပ်ခိုလှုံခြင်းဖြစ်ပါသည်။



### အသင်းတော်၏အသင်းသားဖြစ်ခြင်း

ခရစ်တော်၏အကိုင်းများဖြစ်ပြီးမှ (ဒုတိယမွေးဖွားခြင်းခံယူပြီးမှ) ဘုရားသခင်လက်ခံဖွယ်သော သားများဖြစ်နိုင်မည်။ အသင်းတော်၏ အသင်းသားဖြစ်ခြင်းအားဖြင့် ကောင်းကင်မရောက်နိုင်။ ခရစ်တော်ကို ယုံကြည်လက်ခံမှသာလျှင် ရောက်နိုင်မည်။

### မပျက်မကွက်ဘုရားရှိခိုးခြင်း

မပျက်မကွက်ဘုရားရှိခိုးသောသူများသည် လေးစားထိုက်သူများဖြစ်ကြပါသည်။ သို့ပေမယ့်လည်း ဘုရားရှိခိုးကျောင်းသွားခြင်း မပျက်ကွက်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ မရောက်နိုင်။

### ဆယ်ဘို့တစ်ဘို့

မယုံကြည်သူက အသင်းတော်၌ ဆယ်ဘို့တစ်ဘို့ပေးခြင်းသည် အကျိုးမဲ့ဖြစ်သည်။ ဘုရားသခင် လိုချင်သည့်အရာသည် ပိုက်ဆံမဟုတ်ပါ။ အပြစ်အတွက် နောင်တရခြင်းနှင့် ယုံကြည်ခြင်းကိုသာ လိုချင်ပါသည်။

### အစာရှောင်ခြင်း

အစာရှောင်ခြင်းသည် အတွေးအခေါ် ပေါ့ပါးစေဖို့အတွက် ကောင်းချင်ကောင်းပါလိမ့်မည်။ ယုံကြည်သူ (ခရစ်ယာန်) များအတွက် ဝိညာဉ်ခွန်အား အတွက်ကောင်းလှသည်။ မယုံကြည်သူအတွက်မူကား ဘုရားသခင်ကို ဝမ်းမြောက်စေသောအရာမဟုတ်ပါ။

### ဆုတောင်းခြင်း

မယုံကြည်သူများထံမှ ဘုရားသခင်ကြားချင်သည့်အရာကတော့ ''အပြစ်သားကျွန်ုပ်ကို သနားတော်မူပါ။ ခရစ်တော်အားဖြင့် ကယ်တင်တော်မူပါ'' ဆိုသည့်အရာဖြစ်ပါသည်။

အသက်တစ်ခါ ခရစ်တော်၌ ရှင်ပြီးနောက် အဘယ်သူက ခွဲနိုင်မည်နည်း။

ထာဝရတည်သော သူ့ကတိတော်သည် အဘယ်သူက ဖျက်ဆီးနိုင်မည်နည်း။

ကယ်တင်ခြင်းကို လုပ်ဆောင်ခြင်းအားဖြင့် ရရှိရန် ကြိုးစားသူအားလုံးသည် ကျွန်များဖြစ်ကြသည်။ မရပ်မနား လုပ်ဆောင်နေကြပေမယ့် ဘယ်တော့မှ မအောင်မြင်နိုင်ကြပါ။ ခရစ်တော် ယုံကြည်သူအားလုံးသည် ကျွန်မဟုတ်ဘဲ လွတ်လပ်သောသူများ ဖြစ်ကြသည်။

မမှန်ကန်သော သွန်သင်သူများ၏ စကားလုံးသည် ''လုပ်ပါ'' ဖြစ်သည်။ ကျေးဇူးတော်၏ စကားလုံးမူကား ''ပြီးပြီ'' ဖြစ်သည်။ ခရစ်တော်၏ ကယ်တင်ခြင်းသည် ပြီးမြောက်ပြီးဖြစ်သည့်အတွက် လုပ်ဆောင်ခြင်းအားအင်စိုက်ရန် မလိုတော့ပါ။

လူသားများသည် ကျေးဇူးသနားခြင်းကို မလိုလားကြ။ မိမိအတွက် အလိုရှိကြသလို ဘုရားသခင်က သူတစ်ပါးအားပေးရန် ကြံစည်ခြင်းကို လက်မခံပေးနိုင်ကြ။ ထိုသူတို့သည် နွားစားခွက်ထဲက ခွေးကဲ့သို့ ဖြစ်ကြသည်။ သူတို့ကိုယ်တိုင် မြက်ပင်ပစားသော်လည်း မြက်ပင်စားရန်လာသည့်နွားကို မောင်းထုတ်တတ်ကြသည်။ ခရစ်တော် ဤလောက၌နေတုန်းက ဘာသာရေးဦးဆောင်သူများသည် လူထုများမဝင်နိုင်အောင် ကောင်းကင်တံခါးကို ပိတ်ကြသည်။ သူတို့ကိုယ်တိုင်လည်း မဝင်ချင်ကြဘူး။ တားမြစ်ကြသည်။ ဥပဒေ၊ ပညတ်တော်စောင့်ရှောက်သောသူတို့လည်း ထိုကဲ့သို့ဖြစ်ကြသည်။ လူထုဆီသို့ ခရစ်တော်ဝင်ရန် ခွင့်မပြုကြသလို၊ ခရစ်တော်၌ လူထုများလာချင်သော်လည်း တားမြစ်ကြသည်။ တားဆီးသူခေါင်းဆောင်များသာဖြစ်ကြသည်။



လုပ်ဆောင်ခြင်း

**ချစ်ခြင်းမေတ္တာ –** ချစ်ခြင်းမေတ္တာက ဆင်းရဲသောသူကို မိမိ၌ရှိသောအရာများကို မျှဝေရန် နှိုးဆော်ပါသည်။ ဒါပေမယ့် ဤကဲ့သို့ချစ်ခြင်းအားဖြင့် ဝိညာဉ်အသက်ကို မကယ်တင်နိုင်။

**တတ်နိုင်သလောက်လုပ်ခြင်း –** မိမိတတ်နိုင်သလောက်လုပ်ရမည်ဖြစ်သော်လည်း ကယ်တင်သူမဖြစ်နိုင်။ ခရစ်တော်သာလျှင် ကယ်တင်သူဖြစ်သည်။

ဘိုးဘွားအမွေ

**ခရစ်ယာန်မိသားစုမှမွေးဖွားခြင်း –** ကယ်တင်ခြင်းသည် ဘိုးဘွားအမွေကဲ့သို့ မရရှိနိုင်။ ကယ်တင်ခြင်းသည် သွေးသားတော်စပ်ခြင်းအားဖြင့် မရရှိနိုင်ပါ။ ကယ်တင်ခြင်းရဖို့အတွက် မိမိကိုယ်တိုင်က ခရစ်တော်ကို ယုံကြည်လက်ခံရမည်။

**မိသားစု၌ အမှုတော်ဆောင်ရှိခြင်း –** မိသားစု၌ အမှုတော်ဆောင်သူရှိခြင်း၊ ပြောင်းလဲသူတစ်ယောက်ရှိသည့်အတွက် မိသားစုအားလုံးအပြစ်လွတ်ခြင်းသို့ မရောက်နိုင်။

အခြားသော

**ကောင်းသောမိဘဖြစ်ခြင်း၊ ကောင်းသောမိသားစုထူထောင်ခြင်း –** ဤအရာသည် ချီးကျူးစရာဖြစ်ပေမယ့် မလုံလောက်ပါဘူး။ ကောင်းသောလုပ်ဆောင်ချက်က လူကိုမကယ်တင်နိုင်။

ကျွန်ုပ်တို့ဖော်ပြသည့်အရာအားလုံးပေါင်းစပ်ခဲ့ရင်တောင် ကယ်တင်ခြင်းသို့ မရောက်နိုင်ပါ။ ကယ်တင်နိုင်ခဲ့သော် ခရစ်တော်၏ သေခြင်းသည် လိုအပ်မည်မဟုတ်။ ခရစ်တော်၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်လက်ခံခြင်းကလွဲ၍ အခြားသောနည်းလမ်းမရှိပါ။

ကျွန်ုပ်တို့ဖော်ပြသည့်အရာများကို ပြန်စဉ်းစားကြည့်ပါ။ ဤအထဲက တစ်ခုမျှပင် လောကလူများက လုပ်ဆောင်နိုင်သည့်အရာတစ်ခုမျှမရှိပါ။ ပြည့်စုံစွာ လုပ်ဆောင်နိုင်မည့်သူလည်းတွေ့မည်မဟုတ်။ လုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်းရသည်ဆိုသည့် အရာသည် သတင်းဆိုးဖြစ်သည်။ တစ်ခုမျှကောင်းသည့် အရာမရှိ။

တော်တော်များများက သူတို့၏ တွေးတောကြံစည်မှုနှင့် တရားကျင့်ခြင်းအားဖြင့်သော်လည်းကောင်း၊ မိမိကိုယ်မိမိရှာဖွေခြင်း၊ ဖြောင့်မတ်ခြင်း၊ မိမိကိုမိမိ ညှင်းဆဲခြင်း၊ လှေကားကို ဒူးအားဖြင့် တက်သကဲ့သို့ တစ်ရွာပြီးတစ်ရွာ ရုပ်တုကိုးကွယ်ရင်း ခရီးလည်ပတ်ခြင်း၊ ဘုန်းကြီးလုပ်ခြင်းအားဖြင့် ကောင်းကင်ရောက်ဖို့ ကြိုးစားကြသည်။ သပ်သပ်အချိန်ဖြုန်းခြင်းသာဖြစ်သည်။ ဤလောကအပြစ်များသည် ခရစ်တော်တစ်ပါး၏ အသွေးကလွဲပြီး စင်ကြယ်စွာ ဆေးကြောပေးနိုင်သူမရှိ။

## ခရစ်တော်ကို မှားယွင်းစွာ ယုံကြည်ခြင်း

ခရစ်တော်ကို ယုံကြည်ခြင်းသည် အလိုအပ်ဆုံးဖြစ်သော်လည်း အခြားသောအရာကိုလည်း လုပ်ရမည်ဆိုပြီး ခံယူသူအများကြီး ရှိကြသည်။ ကနဦးအသင်းတော်၌လည်း ခရစ်တော်ကို ယုံကြည်သည်သာမကဘဲ အရေဖျားလှီးခြင်းလည်း လိုအပ်သည်ဟု ခံယူသူရှိကြသည်။ လက်ရှိအသင်းတော်တွေမှာတော့ နှစ်ခြင်းခံခြင်း၊ အခြားသောဘာသာစကားပြောခြင်း၊ ဥပုဒ်စောင့်ခြင်း၊ ပညတ်တရားလိုက်နာ ခြင်း ဤအရာများကို လိုအပ်သည်ဟု ခံယူသူများအများကြီး ရှိကြပါသည်။ ဤအရာသည် လုံးဝမှားပါသည်။ ကယ်တင်ခြင်းအတွက် ခရစ်တော်သည် အရင်းအမြစ်ဖြစ်သည်။ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော် + ဝ (အပေါင်း သုည) ဖြစ်သည်။ ကျေးဇူးတော်သည် ဘုရားဘက်ကဖြစ်ပြီး ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ဘက်မှ ဖြစ်သည်။



## မှားယွင်းသောသွန်သင်ခြင်းကို ထုတ်ပြခြင်း

မှားယွင်းသောသွန်သင်ခြင်းသည် ကြောက်ဖက်ဖွယ်ကောင်းလွန်းလှသည်။ ကျမ်းစာကလည်း လုပ်ဆောင်ခြင်းနှင့် ပညတ်တော်လိုက်နာခြင်းအားဖြင့် ကယ်တင်ခြင်းသို့မရောက်နိုင်ကြောင်း ဖော်ပြပါသည်။[၄၃] ဤကဲ့သို့သောအရာသည် ယုံကြည်ခြင်းမှသာလျှင်ဖြစ်ပြီး၊ လုပ်ဆောင်ချက်လုံးဝမပါကြောင်း ကျမ်းစာထဲ၌ အများအပြားတွေ့ရှိနိုင်ပါသည်။

လုပ်ဆောင်နိုင်ခြင်းအားဖြင့် ကယ်တင်ခြင်းရှာသောသူသည် ဘယ်တော့မှ မိမိသည် ဒုတိယမွေးဖွားခြင်းခံပြီလား၊ မခံသေးဘူးလားဆိုတာ သိမည်မဟုတ်။ ကောင်းသောအလုပ်လုပ်သလား။ မလုပ်ဘူးလား။ ပြုသောကောင်းမှုသည် အဆင်သင့်ရှိပြီလား၊ မရှိသေးဘူးလားဆိုတာကို သိမည်မဟုတ်။ စစ်မှန်စွာ ခရစ်တော်ကို ယုံကြည်လက်ခံသူတစ်ဦးတစ်ယောက်ကတော့ မိမိသည် ပြောင်းလဲခြင်းသို့ ရောက်ခြင်းအကြောင်းကို ကျမ်းစာအားဖြင့် နားလည်နိုင်မည်ဖြစ်သည်။ လက်ဆောင်ရရှိသည့်အခါ တကယ်ရရှိကြောင်း မိမိကိုယ်မိမိ သိသလိုပဲဖြစ်ပါသည်။ ကျမ်းစာက "․ ․ ․ ․ ယုံကြည်ခြင်း၌ ရပ်တည်သူဖြစ်ပြီး ․ ․ ․ ဘုရားသခင်၏ ကျေးဇူးဖြစ်သည်ဆိုသည့် အာမခံချက်ကတိပြုခြင်းဖြစ်သည်။[၄၄]

ပညတ်တရားလမ်း၌ လျှောက်လှမ်းသောသူသည် အနာဂတ်၌ ကောင်းမှုပြုနိုင်မည်လား။ မပြုနိုင်ဘူးလား။ မိမိကိုယ်မိမိ မသိသည့်နည်းတူ ထာဝရအသက်အတွက်လည်း နားလည်မည်မဟုတ်။

မှားယွင်းသောသွန်သင်ခြင်းသည် ငါဆိုသည့်အပေါ်မှာပဲ အခြေစိုက်နေတတ်သည်။

ကျေးဇူးတရားတော်က ခရစ်တော်၏သိုးများ လမ်းမှားလွဲချော်မှုမရှိအောင် အာမခံချက်ပေးပါသည်။ John Ken't က ဤသို့ စပ်ဆိုထားပါသည် –

က မိမိသည် ဒါဝိဒ်ကို သတ်ဖြတ်ရန် ရှာဖွေသူစောလု၏ တူဖြစ်သည်။ ဒါဝိဒ်က သူကြိုက်သလို သတ်ဖြတ်လို့ရမှန်းသိသည်။

အသင်းတော်တွေ ညှင်းပန်းနှိပ်စက်သူ ရှင်ပေါလုသည် ‘‘တမန်တော်ဟု ခေါ်ဝေါ်ခြင်းခံပြီးနောက် ‘‘ကျွန်ုပ်သည် ဘုရား၏လူအားလုံးထဲမှ အသေးငယ်ဆုံး ဖြစ်သည်။ သို့သော်လည်း ခရစ်တော်၏ သတင်းကောင်းကို ဟေလသများဆီသို့ ပို့ဆောင်ရန်နှင့် ဘုရားသခင်၏ အကြံစည်တော်များကို ဖော်ထုတ်ပေးဖို့ရန် သူတစ်ပါးမျက်စိဖွင့်ပေးရန် ဘုရားသခင်က တာဝန်ပေးသည်[၁၈] ဟု ဆိုပြီး ဘုရားသခင်၏ ခန့်အပ်ခြင်းခံဖို့ရန်အတွက် မထိုက်တန်ကြောင်း ဝန်ခံခဲ့သည်။

……☆☆☆……☆☆☆……☆☆☆……



ရှင်ပေါလုက ဓမ္မဟောင်းထဲက ရှောမာလ်က ဣဇြက်အားကဲ့ရဲ့မထင်မဲ့ မြင်ပြုခြင်းကို ဥပမာယူပြီး ပညတ်တော်က ကျေးဇူးတော်တရားတော်ပြစ်တင် ရှုပ်ချခြင်းအကြောင်း ရှင်းလင်းချက်အတွက် ယူခဲ့သည်။ ခရစ်တော်၏ သေခြင်း၌ လည်း ရှင်းရှင်းလင်းလင်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။[၁၇] ကျေးဇူးတရားတော် သယ်ဆောင်သူသေစေရန် အမိန့်ချမှတ်သူတွေဟာ ပညတ်တော် စောင့်ရှောက်သူ များ ဖြစ်ကြပါသည်။

……☆☆☆……☆☆☆……☆☆☆……

# အခန်း (၇)

## ပြောင်းလဲသောသူသည် သွန်သင်ရန်လွယ်ကူ

ပြောင်းလဲပြီလား။ ခရစ်ယာန်ဖြစ်ပြီလား၊ တစ်ဦးတစ်ယောက်ကို သင်သည် မေးသည့်အခါ သူဖြေကြားသည့်အဖြေပေါ်မူတည်ပြီး သူသည် ပညတ်တရားဘက်လား၊ ကျေးဇူးတော်ဘက်လားဆိုတာ သင်သိရပါလိမ့်မည်။

ပြောင်းလဲသောသူက ''ပြောင်းလဲပြီး၊ လုပ်ဆောင်ချက်လုံးဝမပါ ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းရပြီဟု ဖြေပါလိမ့်မည်။

ကျမ်းစာထဲမှာ ကျေးဇူးတော်ကို အင်မတန်မှ ချီးကျူးမြောက်တင်တတ်သူများရှိကြသည်။

ရုသသည် သေးသိမ်သောအမျိုးဆိုပြီး ကဲ့ရဲ့ခြင်းခံသူထဲမှာ ပါဝင်သည်။ Boaz က သူ၏ ကျေးဇူးထားရှိပြီး ရုသအား အားပေးသည့်အခါ ''ဘာကြောင့် အခြားသော မိန်းမသည် ဤကဲ့သို့ကျေးဇူးထားပြီး အောက်မေ့သနည်း''[၇၅] ဟု မေးသည်။ ရုသကတော့ ကျေးဇူးတရားကို လုံးဝနားလည်သူဖြစ်သည်။

ဘုရားသခင်၊ ဒါဝိဒ်ဆီသို့ ကတိတော်ပြုသည့်အခါ ဒါဝိဒ်က ''အိုး . . . ဘုရားသခင် ကျွန်ုပ်အတွက်ကိုယ်တော်ပြုသောအရာအားလုံး ရရှိရန် ကျွန်ုပ်မထိုက်တန်။ ကျွန်ုပ်အိမ်သည်လည်း မတိုက်တန်'' ဟု ပြောခဲ့သည်။[၇၆] ဒါဝိဒ် မင်းကြီးကတော့ ဘုရားသခင်၏ ကောင်းကြီးနှင့် မထိုက်တန်ကြောင်း နားလည်သည်။

ဒါဝိဒ်က ယောနာသန်၏သား ခြေမသန်စွမ်းသူ (Mephiboseth) ကို ကောင်းကောင်းပြုစုသည့်အခါ Mephibosheph က ''ကိုယ်တော် ခွေးအသေကောင်လောက်တောင်မှ တန်ဖိုးမရှိပါ။''[၇၇] ဟု ဆိုလေသည်။ Mephibsheph

''သူများကဲ့သို့ ကျွန်ုပ်၌ အပြစ်မများပါ''

မှန်နိုင်ပါတယ်။ ဒါပေမယ့် ဘုရားသခင်၏ ဖြောင့်မတ်သောချိန်ခွင်နဲ့ ချိန်တဲ့အခါ သင်သည် အလေးမပြည့်သည့်အတွက် သင်သည် ကယ်တင်ရန် လိုအပ်နေပါသည်။

''ဘာသာတရား ကိုင်းရှိုင်းတယ်၊ အိမ်နီးချင်းများအတွက် ကောင်းကျိုးလုပ်ပေးတယ်။ ငါဟာ လူကောင်းပါပဲ။''

ဤကဲ့သို့အားဖြင့် စစ်မှန်သောခရစ်ယာန်မဖြစ်နိုင်။ ခရစ်တော်ကိုယုံကြည်အားကိုးမှသာလျှင် စစ်မှန်သော ခရစ်ယာန်ဖြစ်နိုင်မည်ဖြစ်သည်။ သီချင်းတစ်ပုဒ်တော့ရှိတယ်။ နားထောင်ပါ။

ဘုရားသခင်တောင်းဆိုသောပြည့်စုံခြင်းသည်
လုပ်ဆောင်ခြင်းအားဖြင့် မရနိုင်ပါ
သင်၏ အားစိုက်မှုလည်းပါမှာပါ
ခရစ်တော်ကို လိုအပ်ကြောင်း သိရှိခြင်းဖြစ်ပါသည်။

H. Smart

**''လူကောင်းဖြစ်ပြီပဲ တော်ပါပြီ''**

တစ်စုံတစ်ဦးသည် ကောင်းနိုင်ပါတယ်။ ဒါပေမယ့် ကောင်းကောင်းလေးမှားနေသူဖြစ်သည်။ တစ်ခါတော့ အသံကိုကြားရသည့်အတွက် သူခိုးထင်ပြီး အိမ်အောက်သို့ဆင်းပြီး ညဲ့ခန်း၌ လူသွားလာနေသလိုမြင်သည့်အခါ သေနတ်နှင့်ပစ်လိုက်သည်။ ကောင်းကောင်းလေးပြန်ကြည့်တော့ သူအင်မတန်မှချစ်သော သမီးလေးဖြစ်နေသည်။ ဤလူသည် လူကောင်းဟုတ်ပေမယ့် ကောင်းကောင်းလေးမှားနေသူဖြစ်သည်။



# အခန်း (၈)

## သီချင်းအားဖြင့် ကြွေးကျော်ကြ၏

သီချင်းတော်များအားဖြင့်လည်းကောင်း၊ စကားလုံးလှလှတွေအသုံးပြုပြီး စပ်ဆိုကြသည်။[၁၉]

John Newton ၏ သီချင်းသည် ဘယ်တော့မှ မဟောင်းနွမ်းနိုင်ပေ

ကြီးမားသော အံ့ဖွယ်ရာကျေးဇူးတော်သည်
မထိုက်မတန် ကျွန်ုပ်ကယ်တင်ပြီ
ပျောက်သောသူပြန်တွေ့ပြီ
မျက်ကန်းသူပြန်မြင်ရပြီ။

လူတော်တော်များသည် ဤသီချင်းကို ဆိုကြသည်။ ဆိုရင်းနဲ့ ကောင်းမှုလုပ်ဆောင်ခြင်းအားဖြင့် ကောင်းကင်ဝင်စားရန် ကြိုးစားနေသူအများအပြားရှိသေးသည်။

**Isaac Watts ကလည်း ဤသို့ဆိုထားသည် –**

ပိုးရွကဲ့သို့ ကျွန်ုပ်အတွက်
ကယ်တင်ရှင်အသွေးသွန်းပြီ
ကြီးမြတ်သူအသေခံပြီ
သူ့အသက်တော် ကျွန်ုပ်ပေးလေပြီ။

Charles Gabriel ကလည်း ဤကဲ့သို့သော ကယ်တင်ခြင်းသည်ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်သည်ဆိုပြီး သီချင်းအားဖြင့် စပ်ဆိုထားသည်။

ခရစ်တော်ပေးသော ချစ်မေတ္တာသည် ကျွန်ုပ်ကို အံ့သြစေပြီ။
အခမဲ့ပေးသော ကျေးဇူးတော်
သူ၏သေခြင်း၊ သူ၏ခံစားချက်၊ သူ၏အသွေးတော်သည်
ကျွန်ုပ်အပြစ်သားအတွက် ဖြစ်ကြောင်းသိရပြီ
အံ့ဖွယ်သော ကျေးဇူးမေတ္တာ။

တစ်ခါတော့ Charles Simeon နှင့် John Wesley တို့သည် ဤကဲ့သို့ မိတ်သဟာယဖွဲ့ခြင်းရှိကြသည်။

Simeon – သင်အရ်မိနဲမ်ခေါ်ခြင်းအကြောင်း ငါသိ၏။[၁၀] ငါသည် ကဲလ်ဗင်နဲင်စ်ခေါ်သည်။ အမြဲတမ်းရန်ဖြစ်လို့ရသည်။ ငါတို့ ရန်မဖြစ်ခင် အနည်းငယ်ဆွေးနွေးကြရအောင် ဘုရားသခင်က အရင်မခေါ်ခဲ့လျှင် ခင်ဗျားကို ခင်ဗျားပျက်ဆီးယိုယွင်းသောသူဟု စဉ်းစားဖူးသလား။

Wesley – အရမ်းဘဲစဉ်းစားတာပေါ့။

Simeon – ဘုရားသခင်ရှေ့တော်၌ ဘာတစ်ခုမှမလုပ်နိုင်ဘူး။ ခရစ်တော်၏ ဖြောင့်မတ်ခြင်းအသွေးတော်အားဖြင့်သာ ကယ်တင်ခြင်းရရှိဖို့ စောင့်မျှော်သူဟုတ် သလား။

Wesley – ဟုတ်တယ်။ ခရစ်တော်၌သာ။

Simeon – ခရစ်တော်က ခင်ဗျားကိုတော့ ကယ်တင်ပါတယ်။ ခင်ဗျား၏ ကယ်တင်ခြင်းမပပျောက်ဘို့အတွက် လုပ်ဆောင်သည့်အရာတစ်ခု သင်၌ရှိတယ် မဟုတ်လား။

Wesley – မဟုတ်ဘူး။ ခရစ်တော်အားဖြင့် ငါရရှိထားသော ကယ်တင်ခြင်းသည် မပျောက်နိုင်ဘူး။



Simeon – ဘုရားသခင်ကျေးဇူးတော်ကြောင့် သင်သည် ဘုရားသခင်ဆီ သို့ ခိုလှုံသူပေါ့။ ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေအားကူးပြီး ရှင်နေတာမဟုတ်ဘူး လား။

Wesley – လုံးဝဘဲ။

Simeon – ဒါဆိုရင် တစ်ချိန်ပြီးတစ်ချိန် မိခင်က ကလေးငယ်ကို ရင်ဘတ် ၌ ပိုက်ထွေးသလို ဘုရားသခင်၏ စောင့်ရှောက်မှုကို လိုအပ်တယ်ပေါ့ ဟုတ်လား။

Wesley – ဟုတ်တယ်။ မှန်တယ်။

Simeon – ဘုရားသခင်၏ ကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာတော်သည် ကောင်းကင်နိုင်ငံရောက်နိုင်ဖို့အတွက် သင်၏ စောင့်စားခြင်းဟုတ် သလား။

Wesley – ဟုတ်ကဲ့။ ဘုရားသခင်ကလွဲပြီး ဘယ်သူ့ကိုမှ ငါ့မှာ မျှော်ကိုး စရာမရှိဘူး။ Simeon တော့ အရမ်းကျေနပ်သွားပါတယ်။ Wesley ရန်ရှာနေသော်လည်း မတွေ့နိုင်။ Simeon နှင့် Wesley တို့နှစ်ယောက်သည် ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ခြင်းတရားကို ခိုလှုံသောသူဖြစ်ကြသည်။

**ခင်ဗျားစကားက ခင်ဗျားကိုရောင်းစားတယ်**

လုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိရန် ကြိုးစားသောသူများက ဤကဲ့သို့ပြောတတ်ကြသည်။ “ငါတတ်နိုင်သလောက် ကောင်းမှုပြုတယ်။”

သင်တတ်နိုင်သလောက်လုပ်သည့်အရာသည် မလုံလောက်သေးဘူး။ ဘုရားသခင်ရှေ့၌ သင်လုပ်သော အကောင်းဆုံးအရာသည် အဝတ်စုတ်ကဲ့သို့ ဖြစ်သည်။

### ‘‘ငါဟာ ဘာသာရေး၌ အားသန်နေသူပဲ’’

တစ်ခါတစ်လေကြရင် တစ်ဦးတစ်ယောက်အတွက် ဘာသာရေး၌ အားသန်မှုသည် အဆိုးဆုံးသောအရာဖြစ်တတ်သည်။ ဘာကြောင့်လဲဆိုတော့ ဘာသာရေး၌ အားသန်ခြင်းက ခရစ်တော်ကို မထင်မှဲမြင်၊ မပြုစုရန် တားဆေးပေးရုံ လောက်သာဖြစ်တတ်သည်။ Warren Wiersbe ကတော့

‘‘ဒီခေတ်ကြီး၌ ဘာသာရေးအားသန်သူများကဲ့သို့ ရှင်ပေါလုသည်လည်း ဘာသာတရား၌ ကိုင်းရှိုင်းအားသန်နေသူဖြစ်ပေမယ့် ကောင်းကင်နိုင်ငံဝင်စားနိုင်ရန်ကောင်းသောသူမဟုတ်ခဲ့ပါဘူး။ သူ၏အသက်တာဟောင်းကို ပြောတာပါ။ ခရစ်တော်နှင့် မတွေ့ဆုံနိုင်အောင် ရှင်ပေါလုတားဆီးပေးသူသည် အပြစ်မဟုတ်ပါ။ ကောင်းသောအရာဖြစ်သည်။ ထို့ကြောင့် ကယ်တင်ခြင်းကို ရနိုင်ဖို့အတွက် ဘာသာတရားကိုင်းရှိုင်းခြင်းနှင့် ကျင့်ကြံအားသန်ခြင်းတို့ကို အရင်ဆုံးချွတ်ရမည်ဟု ဆိုပါသည်။

### ‘‘ကောင်းကင်ရောက်မည်ဟု မိမိကိုယ်မိမိမျှော်မှန်းခြင်း’’

ဤအရာသည် ကောင်းသောအတွေးအခေါ်မဟုတ်ပါ။ တိကျရှင်းလင်းဖို့ လိုအပ်ပါသည်။ မျှော်မှန်းထားသည်ထက် အတိအကျဖြစ်မှ ကောင်းကင်ရောက်မည်။

### ‘‘ငါ့အဘိုးသည် အမှုတော်ဆောင်သူဖြစ်သည်’’

အဘိုးအမှုတော်ဆောင်သူဖြစ်သည့်အတွက် သင်၏အသက် ထာဝရအာမခံချက်မပေးနိုင်။ ကယ်တင်ခြင်းသည် ကိုယ်တိုင်နှင့်သက်ဆိုင်ပါသည်။ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရပါသည်။ ကျေးဇူးတရားတော်သည် အမွေကဲ့သို့ ပေးလို့မရပါ။ ကယ်တင်ခြင်းသည်လည်း အဘိုးအဘွားအမွေကဲ့သို့ ခံစားပိုင်ဆိုင်လို့မရပါ။

**“ဘုရားသခင်၏ ချိန်ခွင်နှင့်ချိန်မှသာလျှင် သိနိုင်မည်ဖြစ်သည်။”**

ခင်ဗျားရဲ့လုပ်ဆောင်ခြင်းအပေါ်မှာဘဲ ရပ်တည်နေရင် အရမ်းနောက်ကျသွားလိမ့်မည်။ အခုချက်ခြင်း ဘုရားသခင်၏ ကျေးဇူးလက်ခံခဲ့လျှင် ခရစ်တော်အားဖြင့် ထာဝရအသက်သင်ရပြီးဖြစ်ကြောင်း သင်သိရပါလိမ့်မည်။

**“ကံကောင်းသည်ဟု ထင်ယူခြင်း”**

ခရစ်တော်၏ ကယ်တင်ခြင်းအားဖြင့် မဟုတ်ဘဲ မိမိကိုယ်မိမိ သင်အားကိုးနေသရွေ့ သင်သည် ဘယ်တော့မှ ကံကောင်းသူမဖြစ်နိုင်။ဂ

**“ကယ်တင်ခြင်းရှိရန် စီမံခန့်ခွဲသည့်အထဲမှာ ငါပါနိုင်တယ်”**

ကယ်တင်ခြင်းတရားတော်သည် လုပ်ဆောင်မှုအပေါ်၌ မူတည်နေပါက အသေွးသွင်းခြင်းလိုမည်မဟုတ်။ သို့သော်လည်း ကယ်တင်ခြင်းဆုကျေးဇူးကို လက်ခံခြင်းအားဖြင့် ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် “ဖြစ်နိုင်တယ်” ဆိုသည့် စကား လုံးဝမပါပါ။ ဘုရားသခင်က မည်သူမဆို အပြစ်အတွက် နောင်တရပြီး ယုံကြည်လက်ခံသူသည် ကယ်တင်ခြင်းသို့ ရောက်ကြသည်ဟု ဆိုပါသည်။ “ဖြစ်နိုင်တယ်” ဆိုသည့်စကားက ဘုရားသခင်ကို မယုံသင်္ကာဖြစ်ကြောင်း ဖော်ပြနေပါတယ်။ “ဖြစ်နိုင်တယ်” ဆိုသည့် အရာသည် မသေချာသောအရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

**“သန့်ရှင်းသောအသက်တာအရင်ရှိဖို့မလိုဘူးလား”**

ကယ်တင်ခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့်သာ ရရှိနိုင်ကြောင်း သင်သိလျှင် ဤကဲ့သို့ ကြောက်ရွံ့မှုရှိအုန်းမည်မဟုတ်ပါ။ ကယ်တင်ခြင်းရရှိရန် အတွက် ကြိုးစားအားထုတ် ရုန်းကန်နေစရာလည်း လိုမှာမဟုတ်ဘူး။ အင်မတန်မှ အံ့ဩစရာတစ်ခုကတော့ ကယ်တင်ခြင်း ဆုကျေးဇူးကို အခမဲ့ပေးသူ ကယ်တင်ရှင်က ထာဝရစောင့်ရှောက်ပြီး ဝမ်းမြောက်ခြင်းနှင့်အတူ ရှေ့နန်းတော်၌ ပို့ဆောင်နိုင်သူဖြစ်သည်။[၁၂]



အထက်က ဖော်ပြထားသော စာသားလေးတွေကို ပြန်လည်စဉ်းစားကြည့်ပါ။ ကယ်တင်သူဆိုသည့်စကားလုံး လုံးဝမရှိပါ။ အရာအားလုံးသည် သူ၏လုပ်ဆောင်မှုတတ်နိုင်သည့်အပေါ်မှာဘဲ မူတည်စေပါသည်။

……☆☆☆……☆☆☆……☆☆☆……

သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများအတွက်ပေးသည့် အမွေဖြစ်သည်။[၉၂] လာမည့်ချီးမြှောက်ခြင်းပွဲတော်ကြီးအတွက် ဝိညာဉ်တော်သည် အာမခံချက်ဖြစ်သည်။[၉၃]

ယုံကြည်သူခရစ်ယာန်များ ဘုရားသားများဖြစ်ကြောင်းနှင့် အခြားသော ခန္ဓာကိုယ်အားဖြင့် ကောင်းကင်ဝင်စားမည့်သူများဆိုပြီး အာမခံချက်တံဆိပ်များ ဖြစ်ပါသည်။ ထိုတံဆိပ်သည် ဝိညာဉ်တော်ပဲဖြစ်ပါသည်။[၉၄]

ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့သည် မိတ်ဆွေများဖြစ်ရပြီ။ ဘုရားသခင်၏ မိတ်ဆွေများဖြစ်နိုင်ဖို့အတွက် ခရစ်တော်က ဘယ်လောက်ထိ လုပ်ဆောင်ပေးပါသလဲ။[၉၅] ကျွန်ုပ်တို့အတွက် ခရစ်တော်ပေးသောတန်ဖိုးသည် ကြီးလှပါသည်။

ယုံကြည်သူများသည် တရားစီရင်ခြင်းကို ရင်ဆိုင်တော့မည်မဟုတ်။[၉၆] ဘုရားသခင်သည် သူတို့၏ တရားစီရင်သူမဟုတ်တော့ဘဲ သူတို့၏ "အဘ" ဖြစ်လေပြီ။

ယုံကြည်သူများ၏ အပြစ်အခအတွက် ခရစ်တော်က ဆပ်ကုန်ပြီ။[၉၇] ယုံကြည်သူများက သူတို့၏အပြစ်အတွက် ပေးစပ်ရန်မလိုတော့ပါ။ ခရစ်တော်၏ တစ်ခါပေးဆပ်မှုသည် ထာဝရအတွက်ဖြစ်သည်။

အားလုံးယေရှုခရစ်တော်က လုပ်ပြီးသွားပြီ။[၉၈] ခရစ်တော်လုပ်ဆောင် ပေးသောအရာ၌ သင်ထပ်ပြီး ဖြည့်စွပ်စရာမလိုတော့ပါ။

သခင်ဘုရား၏ချစ်ခြင်းမေတ္တာထဲမှ ခွဲနိုင်မည့်သူ ဤလောက၌ မည်သူမျှ မရှိ။[၉၉]



# အခန်း (၄)

## လုပ်ဆောင်ခြင်းသည် မှားသလား

ကျွန်ုပ်တို့ ပြောကြသည့်အတိုင်း လုပ်ဆောင်ခြင်းသည် လုံးဝလက်မခံ ဆိုသည့်အရာနှင့် ပတ်သက်ပြီး နားလည်မှုလွဲမှားနေသူရှိနိုင်ပါတယ်။

လုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်းမရနိုင်ဟုဆိုသည့်အခါမှာ ပြီးပြည့်စုံခြင်း စုံလင်မှုကို ရည်ညွှန်းပါသည်။ ကောင်းကင်နိုင်ငံကို လုပ်အားခနှင့် ရယူပိုင်ဆိုင်ကြိုးစားအားထုတ်မှုကို ဆိုလိုသည်။

အမှန်တကယ်ဆိုရင် နောင်တရခြင်းနှင့် ယုံကြည်ခြင်းသည် လုပ်ဆောင် ခြင်းတစ်မျိုးကဲ့သို့ ယူဆလို့ရပါတယ်။ နောင်တရခြင်းဆိုသည်မှာ အပြစ်ကို ကျောခိုင်းပြီး ဘုရားဘက်သို့ လှည့်လာခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည်လည်း လိမ်မပြောတတ်သော ဘုရားသခင်၏စကားတော်ကို ယုံကြည်ခြင်းဖြစ်သည်။ နောင်တရခြင်းနှင့် ယုံကြည်ခြင်းသည် အလိုလိုရလာသည့်အရာမဟုတ်သလို ကိုယ်တိုင်စိတ်ဆုံးဖြတ်ချက် ချခြင်းအားဖြင့် (လုပ်ဆောင်ခြင်းဟုဆိုလို့ရသော) ဤအရာကို မှီတွယ်ခြင်းအားဖြင့် ရနိုင်ပါသည်။

ယုံကြည်သူတစ်ယောက်က လုပ်ဆောင်နိုင်သောအရာ အကောင်းလုပ် ဆောင်ခြင်းတစ်ခုကတော့ ခရစ်တော်ကို ယုံကြည်ခြင်းဖြစ်ပါသည်။ ဂျူးလူတွေဆီသို့ ယေရှုက ဤကဲ့သို့ပြောပါသည် "ဘုရားသခင် လုပ်စေလိုသောအရာသည် သူစေလွှတ်သောသူကို ယုံကြည်ဖို့ပဲဖြစ်တယ်။[၁၃]

ဤအရာကိုမပြုမခြင်း လုပ်သမျှသောအားလုံးသည် ဘုရားသခင်ရှေ့တော်၌ မှားသောအရာတွေပဲဖြစ်ပါတယ်။ လုပ်သမျှသောကောင်းမှုအားလုံးသည် အဝတ်ဆုတ်ကဲ့သို့ ဖြစ်သည်။[၁၄] ဒါပေမယ့် ဒုတိယမွေးဖွားခြင်းခံယူပြီးသည့်အခါ ဘုရား

သခင်ရှေ့၌ အားလုံးပြောင်းလဲကုန်သည်။ ဘုရားသခင်၏ စကားတော်ကိုနာခံပြီး လုပ်ဆောင်သမျှသောအရာသည် ကောင်းသောအရာဖြစ်ကုန်သည်။ လုပ်သမျှသော အရာသည် စုံလင်ခြင်းသို့ရောက်ပြီ။ သေးငယ်သောအရာလုပ်ဆောင်သော်လည်း ဘုရားသခင်အတွက် ဖြစ်လိုသည့်စိတ်ရှိပါက ဘုရားသခင်သည် ကျေနပ်အားရပါသည်။

တစ်ခါတစ်လေကောင်းမှုပြုဖို့အတွက် အချိန်သတ်မှတ်ခြင်း ရှိကြသည်။ ဒါပေမယ့် အိမ်၌လုပ်သောအရာ၊ အခြားနေရာ၌လုပ်သောအရာအားလုံး ဘုရားသခင်မှတ်ထားပြီး၊ ခရစ်တော်၏ တရားစီရင်ခြင်းရှေ့မှာ အဘိုးအခလက်ဆောင်ပေးအုန်းမည်ဖြစ်သည်။

ပြုသောကောင်းမှုအားလုံးသည် ကယ်တင်ခြင်း၏အသီးဖြစ်ပြီး အမြစ်တော့မဟုတ်ပါ။ ယုံကြည်သူများ ကောင်းသည့်အကျင့်လုပ်ဆောင်ရန် ကျမ်းစာက ဖော်ပြပါတယ်။[၈၅] ကယ်တင်ခြင်းအတွက်မဟုတ်ဘဲ ကယ်တင်ပြီးသားဖြစ်သည့်အတွက် ကောင်းသောအကျင့်ကို ကျင့်ရမည်ဖြစ်သည်။ ကောင်းသည့်အရာလုပ်ဖို့ ကယ်တာလည်းဖြစ်တယ်။ ကောင်းသောအကျင့်သည် ကယ်တင်ခြင်း၏အသီးဖြစ်ပြီး ကယ်တင်ခြင်းကို ခိုင်ခန့်စေသူလည်းဖြစ်သည်။

ဘုရားသခင်ပေါင်းစပ်ထားသည့်အရာကို ကျွန်ုပ်တို့ခွဲထုတ်ရန်မဟုတ်။ ဘုရားသခင်က ယုံကြည်ခြင်းနှင့် ကယ်တင်ခြင်းပေါင်းစပ်ထားပြီး လုပ်ဆောင်ခြင်းနှင့် လက်ဆောင်ကိုလည်း ပေါင်းစပ်ထားပါသည်။ ဤအရာကို မမေ့ကြပါစို့။

……☆☆☆……☆☆☆……☆☆☆……



# အခန်း (၁၀)

## ကျွန်ုပ်မေးခွန်းဖြေပေးပါ

ကယ်တင်ခြင်းသည် အပြစ်လုပ်သည့်အခါ ပျောက်နိုင်သလား

ဤကဲ့သို့ မေးခွန်းရှိတတ်ပါတယ်။ ယုံကြည်သူသည် အပြစ်လုပ်မိသည့်အခါ သူ၏ကယ်တင်ခြင်းပျောက်တယ်မဟုတ်လား။ မပျောက်ပါဘူး။ အောက်က ဖော်ပြသည့်အရာများကို စဉ်းစားကြည့်ပါ။

ခရစ်တော်က သူ့သိုးများတစ်ခုတစ်ယောက်မျှ ပပျောက်မည်မဟုတ်ဟု ဆိုထားတယ်။[၈၆] ဤအရာသည် ကယ်တင်ခြင်းမပျောက်နိုင်ကြောင်း သက်သေအတွက် လုံလောက်ပါတယ်။ ဤမျှမကဘဲ ကယ်တင်ခြင်းသည် ကျေးဇူးတော်၊ ဆုကျေးဇူးဖြစ်ပြီး ဘုရားသခင်သည် လက်ဆောင်၊ ကတိလုပ်သည့်အခါ ဘယ်တော့မှ နှုတ်လျှက်၊ ဖျက်လျှက်မရှိပါ။[၈၇]

ဤကျေးဇူးတော်က ကယ်တင်ပြီး စောင့်ရှောက်ပေးသည်။[၈၈]

ဘုရားသခင်ဆုကျေးဇူးသည် ထာဝရအသက်ဖြစ်သည်။[၈၉]

လူတစ်ဦးပြောင်းလဲသည့်အခါ ဘုရားသားဖြစ်လာသည်။[၉၀]

မွေးပြီးသား ကလေးပြန်လည်ပြီးနောက်တစ်ခါ အမိဝမ်းဗိုက်မှ မွေးလို့မရပါ။ အလဲအလှယ်လည်း လုပ်လို့မရပါ။ ဤကဲ့သို့ ဆက်နွယ်မှု မကျိုးပဲ့နိုင်။

လူတစ်ဦးသည် ခရစ်တော်ကိုလက်ခံသည့်အခါ ဖြောင့်မတ်သူဖြစ်လာသကဲ့သို့ နေ့တစ်နေ့ကြရင် သူသည် ချီးမြှောက်ခြင်းခံရမည်ဖြစ်သည်။

သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူကို အပြစ်မလုပ်ခင်၌သာကမဘဲ အမြဲတမ်းကိန်းဝပ်ပေးတော်မူပါတယ်။[၉၁]

များများတော့ ဖြစ်ကြသည်။ ဒါပေမယ့် ခရစ်တော်ကိုထားခဲ့သူများဖြစ်ကြသည်။ ပေတရုလည်း ဤကဲ့သို့ဖြစ်ဖူးသည်။ သူသည် ခရစ်တော်ကို စစ်မှန်စွာ ချစ်သူဖြစ်ပေမယ့် အပြစ်၌နစ်မွန်းခဲ့သည်။ နောက်သို့လှည့်သော ယုံကြည်သူများသည် ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းကိုခံယူပြီး ပြန်လည်ထူထောင်ခြင်းသို့ ရောက်ကြသည်။ သို့မဟုတ် အသက်ကိုတိုတောင်းစေသည်။

နောက်တစ်ခုကတော့ ယုံကြည်ခြင်းကိုထားခဲ့သူဖြစ်ပြီး Judas သည် အကောင်းဆုံးသော ဥပမာဖြစ်သည်။ ဤကဲ့သို့သော လူများသည် စစ်မှန်သော ယုံကြည်သူမဖြစ်ပေမယ့် ပြောင်းလဲသည့် ယုံကြည်သူပမာ ဟန်ဆောင်တတ်ကြသည်။ တစ်ချို့သောသူသည် နှစ်ခြင်းခံယူပြီး အသင်းလူကြီးတောင် လုပ်ကြသေးသည်။ သူတို့အတွက် ပြောင်းလဲဖို့ဆိုတာ အင်မတန်မှ ခက်ခဲသည်။

အထက်က ကျွန်ုပ်တို့ ဆွေးနွေးသည့်အချက်အလက်များ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသောအရာများအားလုံး မစစ်ဆေးဘဲ နှုတ်ကပတ်တော် ကျမ်းစာအားဖြင့် စစ်ဆေးရမည်ဖြစ်သည်။ ခရစ်တော်ကို လက်ခံယုံကြည်ခြင်းအားဖြင့် ထာဝရအသက်ရရှိခြင်းသည် ဈေးတအားနည်းတယ်လို့ မထင်ဘူးလား။

ကျမ်းစာအတိုင်းဖြေမည်ဆိုရင် ငါတို့အတွက်တော့ လွယ်ကူဈေးနည်းလှပါတယ်။ ဒါပေမယ့် ကယ်တင်ရှင်ခရစ်တော်အတွက်ကတော့ လုံးဝမလွယ်ကူပါ။ အရာအားလုံးပေးဆပ်ခဲ့သည်။ လက်ဆောင်ဆိုသည့်အနေအထားသည် ရရှိသူအတွက် အဘိုးအခပေးစရာမလိုဘူးပေါ့ဗျာ။ ဒါပေမယ့် ပေးသူအတွက်တော့ အမြဲတမ်းအဖိုးအခပေးရသည်။ လူများသည် မွေးနေ့လက်ဆောင်လက်ဖွဲ့များ (သို့မဟုတ်) ခရစ္စမက်လက်ဆောင်တို့ကို ငြင်းလေ့မရှိပေမယ့် ဘာဖြစ်လို့ လက်ဆောင်အားလုံးထဲက အဖိုးတန်ဆုံးသော ခရစ်တော်ကိုတော့ လက်မခံဘဲ ငြင်းပယ်ကြသလဲ။



ကယ်တင်ခြင်းကို ပျောက်နိုင်သလို ပေါ်လွင်စေသည့် ကျမ်းပိုဒ်အနည်းငယ်ရှိပါသည်။ ဤကျမ်းပိုဒ်များသည် များသောအားဖြင့် စစ်မှန်သောယုံကြည်သူတွေကို မညွှန်းပါဘူး။ အမည်ခံခရစ်ယာန်တွေကို ဆိုလိုခြင်းဖြစ်ပါသည်။ ပြီးတော့ဒီကျမ်းပိုဒ်တွေက ကယ်တင်ခြင်းမဟုတ်လုပ်ဆောင်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အချို့ကြတော့လည်း ခရစ်တော်ကို ယုံကြည်သလိုလိုကြာလာတော့ ခရစ်တော်ကို ရောင်းစားသူ၊ ဟန်ဆောင်သောမြေခွေးများကို ဆိုလိုခြင်းဖြစ်ပါသည်။ ခရစ်ယာန်အတုတွေကို ဆိုလိုတာပါ။

**ဟုတ်ပါပြီ။ ယုံကြည်သူအပြစ်တစ်ခုလုပ်မိခဲ့သော် ဘယ်လိုဖြစ်မလဲ**

ဘုရားသခင်သည် သူ၏အဘဖြစ်သေးသော်လည်း[၁၀၀] ဆက်သွယ်မှုပျက်ဆီးသည်။[၁၀၁]

- အခြားသောယုံကြည်သူများနှင့် မိတ်သဟာရဖွဲ့ခြင်းပျက်ဆဲသည်။[၁၀၂]
- ကယ်တင်ခြင်းဝမ်းမြောက်မှု ပျောက်ကွယ်သည်။[၁၀၃]
- ဝိညာဉ်ခွန်အားကျဆင်းသည်။[၁၀၄]
- အသုံးဝင်မှုနည်းပါးခြင်း[၁၀၅]

ခရစ်တော်အားဖြင့် ကောင်းကင်တော့ရောက်မည်ဖြစ်သည်။ ဒါပေမယ့် ဤလောက၌ အမှုတော်ဆောင်ရန် မထိုက်မတန်သူဖြစ်သည်။

သူလုပ်သော အပြစ်သည် လူများကသိခဲ့ရင် ခရစ်တော်၏ နာမတော်ကို ရှုတ်ချစေပြီး လူတွေက ဘုရားသခင်ကို ကဲ့ရဲ့ကြမည်ဖြစ်သည်။[၁၀၆]

အပြောနှင့်အသက်တာသည် ဆန့်ကျင်ဘက်ဖြစ်မည်။[၁၀၇]

သူ၏ဆုတောင်းသံ ဘုရားသခင် နားမညောင်းတော့ပါ။[၁၀၈]

အသက်တာကိုတော့ စောင့်ရှောက်ခြင်းသို့ ရောက်သော်လည်း၊ လုပ်ဆောင်သမျှအားလုံးသည် အကျိုးမဲ့ မီးလောင်ကျွမ်းရပါလိမ့်မည်။[၁၀၉]

ကျန်းမာသော်လည်း ကျဆင်းလိမ့်မည်။[၁၁၀]

အသက်တာပျက်ဆီးယိုယွင်းသွားမှာ စိုးရိမ်စရာရှိပါသည်။[၁၁၁] ယုံကြည်ပြီး ပြောင်းလဲသူအတွက် သူလုပ်ဆောင်သမျှ၌ တိုးတက်မှုမရှိနိုင်။

ဒီအတိုင်း သေနိုင်သည်။[၁၁၂]

ခရစ်တော်၏ တရားစီရင်ခြင်းပလ္လင်ရှေ့၌ လက်ဆောင်မဲ့သူဖြစ်နိုင်သည်။[၁၁၃]

ဤကဲ့သို့သော အခြေအနေမျှော်လင့်ခြင်းကင်းမဲ့ခြင်းမဟုတ်ပါဘူး။ ဘုရားသခင်ဆီသို့ ပြန်လှည့်လာရန် အခွင့်ရှိသည်။ အပြစ်နောင်တရလာသည့်အခါ ဘုရားသခင်က ခွင့်လွှတ်ပေးသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး (၁ ယော ၁း၉) ၌လည်း ဤသို့ ရေးထားပါသည်။ ''ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။'' ယုံကြည်သူပြန်လည်ပြီး ပြုလုပ်ရမည့်အရာကတော့ အပြစ်များဖော်ပြတောင်းပန်ဖို့ပဲဖြစ်ပါသည်။ အပြစ်ဖော်ပြခြင်းဆိုသည်မှာ ပြုမိသောအပြစ်တစ်ခုပြီးတစ်ခုဘုရားသခင်ရှေ့၌ ထုတ်ပြပြီး မိမိမှားပြီဟု ဝန်ချခြင်းဖြစ်ပါသည်။ ဤကဲ့သို့ စိတ်နှလုံးအကြွင်းမဲ့လုပ်ခဲ့ပါက ဘုရားသခင်ခွင့်လွှတ်သွားမည်ဖြစ်သည်။[၁၁၄]

ဘုရားသခင်သည် အပြစ်လွှတ်ပေးနိုင်သောသူဟု ယုံကြည်ထိုက်သူဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ ဤအရာသည် သူ၏ကတိတော်ဖြစ်သည်။ သူသည် အပြစ်လွှတ်ပေးရန် ရာထူးရှိသူဖြစ်ပြီး ခရစ်တော်၏ ကိုယ်စားပြုပေးခြင်းအားဖြင့် ဖြောင့်မတ်ခြင်းတရားဖြစ်စေတော်မူသည်။



ကျွန်ုပ်တို့အပြစ်အားလုံးဆေးကြောသန့်ရှင်းစေပြီး အပြစ်စာရင်းများကို ဖျက်သိမ်းပေးသည်။ အပြစ်တင်သံများကိုလည်း ငြိမ်သက်စေလေပြီ။

မပြောင်းလဲသောသူသည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းတရားကို မိမိအပြစ်များအတွက် နောင်တရပြီး ခရစ်တော်ကို ယုံကြည်လက်ခံသည်နှင့် တစ်ပြိုင်နက်ရရှိကြသည်။ ပြောင်းလဲပြီးသောသူသည် အပြစ်ဖော်ပြသည့်အခါ ဘုရားသခင်က ခွင့်လွှတ်သည်။

ဤနေရာ၌ သတိထားဖို့တစ်ခုရှိတယ်။ ယုံကြည်သူတစ်ယောက်သည် အပြစ်ဖော်ပြသည့်အခါ ခွင့်လွှတ်ခြင်းတော့ရပေမယ့် မိမိစိုက်သည့်အတိုင်း ရိတ်ရမည့်အကြွေးကတော့ ကျန်နေသေးသည်။ အပြစ်ကို ခွင့်လွှတ်ပေးသည့်အခါ ဘုရားသခင်နှင့် ဆက်သွယ်မှု ပြန်လည်ရရှိပေမယ့် စိုက်သည့်အပြစ်အတွက် ရိတ်ရပါသည်။

ယုံကြည်သူဖြစ်ပြီး လုံးဝပျောက်ကွယ်သွားသူရှိတယ်။ သူတို့ကျတော့ကော ဘယ်လိုဖြစ်မလဲ။

ယုံကြည်ပြီးမှ ပြန်လည်ပြီးဒီအတိုင်းပဲ သေသွားတယ်။ ဘယ်လိုလုပ်ကြမလဲဆိုသည့်မေးခွန်းမကြာခဏ ကြားရပါသည်။

သိစရာအများကြီးရှိပါသည်။ ပထမအနေဖြင့် အမည်ခံခရစ်ယာန်နှင့် စစ်မှန်သောယုံကြည်သူရှိသည်။ သူတို့မတူညီချက်လေးတွေရှိသည်။ လူတစ်ဦးကငါသည် စစ်မှန်စွာပြောင်းလဲပြီဆိုပြီး အပြစ်ဆက်တိုက်လုပ်နေပါက သူ၏ ပြောင်းလဲခြင်း၌ သံသယဝင်စရာရှိသည်။ စစ်မှန်သော ယုံကြည်သူ၏အထဲ၌ ခရစ်တော်သည် ကျိန်းဝပ်သည့်အတွက် သူ၏အသက်တာ၌ ထူးခြားသောအသက်တာတော့ ရှိရမည်ဖြစ်သည်။

နှောင့်နှေးသော ယုံကြည်သူလည်းရှိပြန်တယ်။ စစ်မှန်သော ယုံကြည်သူ

ခံသူများ ဖြစ်သည့်အတွက် ခရစ်တော်၏အလိုတော်အတိုင်း ရှင်ရတော့မည်ဖြစ်ပါသည်။ ဤ အရာနှင့် ပတ်သက်ပြီး ဤသို့စာဆိုထားကြသည်။

ကိုယ်တော့်ကျွန်ဖြစ်ဖို့
ပညတ်တရား၏ ချည်နှောင်ခြင်းလိုသေးသလား
ကိုယ်တော့်ကျွန်ဖြစ်ရခြင်းသည် ကျွန်ုပ်ဝမ်းမြောက်ခြင်း
ကိုယ်တော်နှင့် ဝေးရာမသွားပါ။

ဘုရားသခင်က လူသားများလွတ်စေသည့်အခါ တစ်ကယ့်လွတ်မြောက်သူများဖြစ်ကြသည်။[၁၁၇] ဒါပေမယ့်အပြစ်လုပ်ဖို့ လွှတ်ပေးခြင်းမဟုတ်။ လေယာဉ်မောင်းတစ်ယောက်အနေဖြင့် ကောင်းကင်ပေါ်၌ ပျံသန်းသည့်အခါ ကြိုက်သလိုမောင်းကွေ့ကောက်၊ ဟိုလှည့်ဒီလှည့်မောင်းလို့ရသည်။ ဒါပေမယ့် သူသွားချင်သည့်နိုင်ငံနေရာသို့ ဆင်းပြီးရောက်နိုင်ဖို့အတွက်တော့ စည်းမျဉ်းစည်းကမ်းလိုက်နာမှရောက်နိုင်၊ ဆင်းနိုင်မည်ဖြစ်သည်။[၁၁၈] ရှင်ပေါလုက ဂလာတိအသင်းတော်နှင့်ယုံကြည်သူအားလုံးဆီသို့ ဤသို့သင်ပေးထားပါသည်။ "ညီအစ်ကိုတို့ သင်တို့သည်လည်း လွတ်မြောက်ဖို့ခေါ်ခြင်းခံသူများဖြစ်ကြသည်။ ဒါပေမယ့် ထိုလွတ်မြောက်ခြင်းအား သင်တို့၏ခန္ဓာကိုယ်အသွေးအသားကို အားရမှုမပေးကြနှင့်"[၁၁၈]

John Mac Arthur ကလည်း ဤသို့ဆိုထားပါသည် –

ပညတ်တရားကလွှတ်ခြင်းသည် အပြစ်၏ကျွန်ဘဝမှ ပညတ်တော်၏အပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်ခြင်းဖြစ်သည်။ ဒါပေမယ့် မိမိအလိုအလျောက်အသက်ရှင်လို့ မရပါ။ ကျေးဇူးတရား ကျွန်ုပ်တို့ရရှိခြင်းသည် မိမိအလိုအလျောက်အသုံးပြုဖို့မဟုတ်ပါ။ ဘုရားသခင်၏ အလိုတော်အတိုင်းအသက်ရှင်ဖို့သာလျှင် ဖြစ်ပါသည်။ ကျေးဇူးတော်၏ ရည်ရွယ်ချက်သည် အပြစ်မှလွတ်မြောက်စေဖို့ ဖြစ်သည်။ ကျေးဇူးတော်အောက်၌ အသက်ရှင်သော ကျွန်ုပ်တို့သည် ဘာကြောင့် အပြစ်ဆက်တိုက်ပြီးလုပ်နိုင်မည်နည်း။



လူများက ကောင်းကင်ဝင်ခွင့်လက်မှတ်ကို မိမိကြိုးစားအားထုတ်မှုအားဖြင့် ရရှိရန် ရုန်းကန်နေကြသည်။ ကျေးဇူးတော်က ဤကဲ့သို့သောသူများကိုဖယ်ရှားပစ်ပြီး သူတို့ကလည်း ကျေးဇူးကရုဏာတော်၏ သနားကြင်နာမှုကို အလိုမရှိကြပါ။

……☆☆☆…..☆☆☆…..☆☆☆……

# အခန်း (၁၁)

## ကျေးဇူးတော်ကို မှားယွင်းစွာအသုံးပြုခြင်း

အခြားသောအရာကဲ့သို့ ကျေးဇူးတော်သည် မှားယွင်းစွာအသုံးပြုလို့ ရသည်။ ရေနှင့်မီးသည်လည်း ကောင်းသောအရာဖြင့် အသုံးဝင်သလို မကောင်းသောအရာအတွက်လည်း သုံးလို့ရသည်။ လူသားများကတော့ ဘုရားသခင်၏ ကြီးမားသော ကရုဏာတော်ကို မှားယွင်းစွာသွန်သင်၊ သင်ကြားပို့ချနေကြသည်။ ရောက်လာမည့်ဘုရားသခင်၏ အကြံစည်တော်သည် သူ့ဟာနှင့်သူ ရောက်လာမည်ဖြစ်သည်။ သင်လုပ်နိုင်သည့်အရာတစ်ခုမှမပါရှိဟု ဆိုတတ်ကြသည်။ တစ်ချို့သော ယုံကြည်သူများသည် ခရစ်တော်၏ သတင်းကောင်းကို ဟောပြောနေသလိုလိုနှင့် အချိန်အလကားဖြုန်းတီးတယ်ဆိုပြီးတော့ ပြောတတ်သောသူလည်း ဖြစ်တတ်ကြသည်။

ဝမ်းနည်းစရာကောင်းတာကတော့ ဘုရားသခင်၏ကျေးဇူးတော်ကို အဆိုးအကောင်းမခွဲဘဲ မိမိရဲ့ လွတ်လပ်မှုအတွက် အသုံးပြုခြင်းဖြစ်ပါသည်။ ယုံကြည်သူတစ်ယောက်က ဒီကျေးဇူးတော်မြတ်ကို မိမိစိတ်ဆန္ဒအလိုအလျောက် မှားယွင်းစွာ အသုံးပြုမိဖို့ လွယ်ကူလှသည်။ ဤကဲ့သို့ဆိုသည့်အခါ သူတို့၏ ယုံကြည်ခြင်းမှားယွင်းသည်ဟု မဆိုလိုပါဘူး။ တစ်ချို့သောသူတွေတော့လည်း ငါသည်မှားကြောင်း ဝန်မခံချင်ကြဘူး။ ကျမ်းစာကို ချိန်ခွင်အဖြစ်အသုံးပြုပြီး မိမိအသက်တာကို စစ်ဆေးလျှင် အရမ်းပဲကောင်းမည်ဖြစ်သည်။

ယုံကြည်သူအားလုံးသည် ပညတ်တရားအောက်၌မဟုတ်ဘဲ ကျေးဇူးတော်အောက်၌ နေကြောင်းမှန်ပါတယ်။[၁၁၅] ဒါပေမယ့် မိမိအလိုအလျောက်နေပြီး သက်ရှင်၍မရပါ။ ခရစ်တော်၏ ပညတ်တရားအောက်၌နေသောသူဖြစ်ကြသည်။[၁၁၆] ထိုအရာသည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှောင်ကြိုးဖြင့် ချည်နှောင်ခြင်း

သော်လည်း လုပ်ဆောင်နိုင်သော အခွင့်မပေးနိုင်။ ဤမျှမကဘဲ ပညတ်ချိုးဖောက်သောသူ အပြစ်ပေးသည်။ သန့်ရှင်းသော အသက်တာအားဖြင့် ဦးဆောင်သည်ထက် ဆန့်ကျင်ဘက်ဖြင့် နေတတ်သည်။ တားမြစ်ထားသော သစ်သီးချိုသကဲ့သို့ မလုပ်ရန် တားမြစ်သည့်အခါ အကျင့်ဆိုးက လုပ်ချင်နေပါလိမ့်မည်။ ပညတ်တော်က သန့်ရှင်းသောအသက်တာမပေးနိုင်။ သူလုပ်ဆောင်နိုင်သောအရာသည် အပြစ်ဖော်ပြခြင်းဖြစ်သည်။ အပြစ်ဒဏ်ပေးဖို့လည်းဖြစ်သည်။

ဘုရားသခင်ကတော့ ကျေးဇူးတော်အားဖြင့် သန့်ရှင်းသောအသက်တာကို သီးစေသည်။ ဘုရားသခင်က "ကြည့်လော . . . ငါ၏ ကျေးဇူးတော်အားဖြင့် သင့်ကိုကယ်တင်ပြီ။ အခု ကယ်တင်ရှင်သင်တို့ကို ခိုင်းသည့်အတိုင်း အသက်ရှင်ရန် ခိုင်းပါ၏" ဟု ဆိုပါသည်။ ကျေးဇူးတော်အောက်၌ ချစ်ခြင်းမေတ္တာကတော့ သန့်ရှင်းသောအသက်တာရှိရန် နှိုးဆော်ပေးသူဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် သေခြင်းထက် တန်ခိုးကြီးသည်။ လူသားများကြောက်ရွံ့ပြီး မလုပ်ရန်မလိုလားသောအရာကို ချစ်ခြင်းမေတ္တာကတော့ လုပ်ဆောင်နိုင်ပါသည်။ ဘုရားသခင်ကို ချစ်သည့်သဘောက သန့်ရှင်းသောအသက်တာကို မွေးဖွားစေသည်။ ကြောက်ရွံ့ချောက်ခြားမှုက သန့်ရှင်းသောအသက်တာမပေးနိုင်။

ကျေးဇူးတော်က ယုံကြည်သူတစ်ယောက်ကို ခရစ်တော်၏လုပ်ဆောင်မှုအပေါ်၌ အားထားပြီး ဘုရားသခင်ရှေ့တော်၌ ပြည့်စုံစေပါသည်။ ဘုရားသခင်ရှေ့တော်၌ ပြည့်စုံသကဲ့သို့ အသက်ရှင်ဖို့ရန် အလိုတော်ရှိသည်။ ဘုရားသခင်၏သားဖြစ်သည့်အတွက် ဘုရင်မျိုးဝင်မိသားစုကဲ့သို့ နေဖို့လိုအပ်ပါသည်။ J.F Strombeck က ဤသို့ ပြောပါသည်။ "ဘုရားသခင်၏ ကျေးဇူးတော်က ကျွန်ုပ်ကို အံ့သြစေပြီ။ ပြီးတော့ သူဆောင်ပေးသောအရာကို ခိုလှုံပြီး သူလုပ်ပေးသောအရာနှင့်အညီ အသက်ရှင်ဖို့ အလိုတော်ရှိသည်။"[၁၂၂]



ဒီကျေးဇူးတော်ကို အခွင့်ကောင်းယူပြီး ဘယ်လိုနည်းနဲ့ ဇာတိအလိုအတွက် အသုံးပြုနိုင်ကြသလဲ။ တကယ့်မပြောင်းလဲတဲ့သူဖြစ်ဖို့အတွက် ဖြစ်ပါလိမ့်မည်။[၁၁၈] Mardi Gras ပွဲ ကျင်းပသူများ၊ ဘာသာတရားကိုင်းရှိုင်းသူများကို စဉ်းစားကြည့်ကြပါ။ အင်္ဂါညထိတိုင်အောင် သေရည်သောက်ကြသည်။ ဆိုးယုတ်သောအကျင့်ရှိကြသည်။ ကျေးဇူးတော်၏ သွန်သင်ချက်များမသိသည့်သူများ ရှိပါလိမ့်မည်။ အပြစ်ကို အလေးအနက်မထားသူလည်း ဖြစ်ကြလိမ့်မည်။ ထိုကဲ့သို့သောသူများလည်း ပြောင်းလဲလို့ရပါတယ်။

တစ်ချို့သောသူသည်သိရက်သားနှင့် တမင်လုပ်သည့်သူလည်း ရှိလိမ့်မည်။ ဘုရားသခင်၏ အလိုတော်ကိုသိကြပေမယ့် ဘုရားသခင်နှင့် အဆက်အသွယ်မရှိကြ။ နောက်သို့လှည့်ပြီး အပြစ်များကို ဘုရားသခင်က အလေးထားမည်မဟုတ်ဟု ထင်ကြသည်။

တစ်ချို့သောသူသည် ယုံကြည်ခြင်းကို ထားခဲ့သူများဖြစ်နိုင်သည်။ Judas ကတော့ ဤကဲ့သို့သော ပုဂ္ဂိုလ်များကို ဤကဲ့သို့ပြောပါတယ်။ " . . . ဘုရားသခင်မထင်မဲ့မြင်ပြုသူ . . . မိမိအကျင့်ဆိုးကို ဖုံးဖို့ရာ ကျေးဇူးတော်ချစ်ခြင်းမေတ္တာတော်ကို မညီမညွတ်ဟောကြပြီး အသက်သခင်ကယ်တင်ရှင် ခရစ်တော်ကို ငြင်းပယ်ကြပြီ. . . ။[၁၂၀]

……☆☆☆……☆☆☆……☆☆☆……

# အခန်း (၁၂)

## သန့်ရှင်းသောအသက်တာကို ဘုရားသခင်ဘယ်လိုဖြစ်စေသလဲ

ကယ်တင်ခြင်းသည် လုပ်ဆောင်ခြင်းကြောင့်မဟုတ်။ ကျေးဇူးတော်ကြောင့်သာလျှင်ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး သိကြပါတယ်။ ဒါပေမယ့် ဤကဲ့သို့ မေးခွန်းရှိတယ်။ ''ယုံကြည်သူများသည် သန့်ရှင်းသောအသက်တာကို ဘယ်လိုရကြသလဲ။'' ခရစ်တော်ကို ယုံကြည်လက်ခံသူတစ်ယောက်၏အသက်တာမှာ တစ်ခုခုခံစားရပါသည်။ မေးခွန်းကတော့ ''ဤကဲ့သို့ အသက်တာပြောင်းလဲစေသောအရာသည် ဘာလဲ။''

တစ်ကယ်ဆိုရင် လမ်းနှစ်လမ်းရှိသည်။ ကျေးဇူးတော်နှင့် ပညတ်တရားဖြစ်သည်။ လူများက ကောင်းကင်ရောက်ဖို့အတွက် ဒီနှစ်ခုအားဖြင့် ကြိုးစားနေကြသလို သန့်ရှင်းသောအသက်တာ၌လည်း လမ်းနှစ်ခုကို မျှော်မှန်းကြပါသည်။

လူ့အနေအထားနှင့်ပြောမယ်ဆိုရင် သူသည် ပညတ်တော်အောက်၌ထားပြီး လုပ်ဖို့ရန်နှင့် မလုပ်ဖို့ရန်အတွက်ပြောပြီး ထားခဲ့ဖို့ပဲဖြစ်ပါသည်။ ပညတ်တရားအားလုံး လိုက်နာရမည်ဟု ပြောရမည်။ ပြီးတော့ ပညတ်တော် မလိုက်နာနိုင်ရင် ကယ်တင်ခြင်းပျောက်သွားမည်ဟု သတိပေးရမည်။ ဤကဲ့သို့ပြုခြင်းသည် သန့်ရှင်းသောအသက် ပိုင်ဆိုင်ဖို့အတွက် လုပ်သင့်ပါတယ်။ ဒါမှမဟုတ်ရင် လူသည် အပြစ်များစွာပြုကြလိမ့်မည်။

ဒီအတိုင်းပဲနေသွားမည်ဆိုရင် ဘာမှတိုးတက်မှုရှိမည်မဟုတ်ပါ။ ဘယ်သူကမှ မိမိကြိုးစားမှုအားဖြင့် ဖြောင့်မတ်သောအသက်တာနှင့် သန့်ရှင်းသော အသက်တာကို ရနိုင်မည်မဟုတ်။ ထို့ကြောင့် ရှင်ပေါလုက ဂလာတိအသင်းတော်သို့ ဤသို့ပြောပါသည်။ ''အစတုန်းကတော့ ဝိညာဉ်တော်နှင့်စပြီး အဆုံးသတ်တော့ ခင်ဗျားတို့ရဲ့ အားစိုက်မှုနှင့် ပြီးသွားပါလား''[၁၂] ပညတ်တော်က လုပ်ဆောင်ရန် သွန်သင်

ပေးကမ်းဝေငှရန် ရှိစေခြင်းငှာ မိမိလက်နှင့်ကောင်းသော အလုပ်ကိုလုပ်ဆောင်အားထုတ်စေ။”

“ညစ်ညူးသောအားဖြင့် ဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။”

“စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်းတို့ကို ပျောက်စေ”

“အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်များကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့။”[၁၂၆]

ကယ်တင်ခြင်းမွေးဖွားသူကျေးဇူးတော်က ဤသို့ခြေလှမ်းလှမ်းရန် သင်ပေးပါသည်။ “ဘုရားသခင်၏အသက်တာနှင့် မကိုက်ညီသောအသက်တာ၊ လောကတပ်မက်မှုများထားခဲ့ဖို့ရန် သင်ပေးပါတယ်။ ပြီးတော့ မိမိထိန်းချုပ်နိုင်သူနှင့် ဤလောက၌ ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီအောင် အသက်ရှင်နိုင်ဖို့ သင်ပေးပါသည်။[၁၂၇]

Stormbeck က ဤသို့ဆိုထားပါသည်။ ယခုခရစ်ယာန်တွေ၏အသက်တာမကြီးထွားနိုင်ခြင်းသည်။ ကျေးဇူးတော်၏ သွန်သင်ပေးချက်ကို ရှင်းလင်းစွာမသိရသေးလို့ဖြစ်တယ်။ ကျေးဇူးတော်နှင့်ပတ်သက်ပြီး လူတော်တော်များများလမ်းမှားစေခြင်းကတော့ ကျေးဇူးတော်ကို အမှားယွင်းလုပ်ဖို့အတွက် (လိုင်စင်) ကဲ့သို့ အသုံးပြုနေကြခြင်းဖြစ်သည်။ ထိုသူတို့ဆီသို့ ကျေးဇူးတော်၏ သွန်သင်ခြင်းနှင့်ပြည့်စုံခြင်းကို သင်ပေးမည်ဆိုရင် အားလုံးကောင်းသွားပါလိမ့်မည်။

……☆☆☆……☆☆☆……☆☆☆……



ဘုရားသခင်၏ သားသမီးများသည် ခရစ်တော်ပိုင်သောအရာများ ပိုင်ကြသည်။ “ခရစ်တော်” ဆိုသည့် စကားလုံးက ဘုရားသခင်ရှေ့၌ သူ၏အခြေအနေကို ဖော်ပြသည်။ ဤအရာသည် ခရစ်တော်ကို လက်ခံသည့်အတွက် ဘုရားသခင်၏ အမြင်ဖြစ်ပါသည်။

ခရစ်ယာန်တစ်ယောက်သည် နေ့စဉ်အသက်တာ၌ သူ၏ရာထူးမပေါ်လွှန်နိုင်ခြင်းသည် ဝမ်းနည်းဖို့အရမ်းကောင်းပါသည်။ တစ်ရက်ပြီးတစ်ရက်တိုးတက်မှုရှိရမည်။ ကောင်းကင်၌ ခရစ်တော်နှင့်အတူ ချီးမြှောက်ခြင်းခံသည့်အခါဖြောင့်မတ်သောသူအဖြစ်ခံရမည်ဖြစ်ပေမယ့် လောက၌နေတုန်းက အသက်တာ၌မိမိရာထူးကဲ့သို့ မနေသည့်အတွက် ချီးမွမ်းခြင်းသည် လျော့ပါးပါလိမ့်မည်။

ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ရသောအရာသည် အသစ်သော မွေးဖွားခြင်းခံသူ၊ ခွင့်လွှတ်ခြင်းရသူ၊ ကယ်တင်ပြီးသူ၊ လက်ခံပြီးသူ၊ ပြည့်စုံသူ၊ ဖြောင့်မတ်သူ၊ သန့်ရှင်းသူ၊ ကြီးမြတ်သူတို့ဖြစ်သည်။

နေ့စဉ်အသက်တာ၌ လိုက်လျှောက်ရမည့်အရာကတော့ လုပ်၊ ခြေလှမ်း၊ အပ်နှံ၊ ပေးဆပ်၊ စဉ်းစား၊ ရမည်၊ မှ၊ လိုအပ်၊ မှီခိုစသည်တို့ ဖြစ်ကြသည်။

ဘုရားသခင်က ယုံကြည်သူများကို ပြည့်စုံသောအသက်တာပေးပါသည်။ ပြီးတော့ သူတို့၏အသက်တာနှင့် ကိုက်ညီအောင် ခြေလှမ်းစေပါသည်။ ဤအရာသည် ပညတ်တရားနှင့် အရမ်းဆန့်ကျင်ဘက်ပဲ။ ပညတ်တရားကတော့ “ဤအရာလုပ်နိုင်ရင် ထိုအရာရမည်” ဟု ပြောပါသည်။ မဖြစ်နိုင်သည့်အရာကိုပဲညွှန်းနေပါတယ်။ ကျေးဇူးတော်ကတော့ “ဤရာထူးကို လက်ဆောင်ပေးပါတယ်။ ဒါပေမယ့် ဒီရာထူးနှင့် ကိုက်ညီစွာခြေလှမ်းလှမ်းစေပါသည်” ဤအရာသည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်သော ဝိညာဉ်တော်၏အလိုတော်အတိုင်း လုပ်ရမည်ဖြစ်သည်။”

တစ်နေ့ မုဆိုးဖိုသည် အိမ်နှင့်သူ၏သားသမီးများစောင့်ရှောက်ဖို့အတွက် အိမ်ဖော်တစ်ယောက်ခေါ်လာသည်။ ရေခဲသေတ္တာပေါ်၌ အိမ်ဖော်လိုက်နာရန် စည်းကမ်းများကပ်ထားသည်။ ပြီးတော့ အိမ်ဖော်ဆီသို့ လုပ်ရမည့်အရာများကို ပြောပြထားသည်။

ထိုမကြာခင်အတောအတွင်းမှာဘဲ အိမ်ရှင်က အိမ်ဖော်မကို စိတ်ဝင်စား မြတ်နိုးလာပြီး လက်ထပ်ကြသည်။ ရေခဲသေတ္တာပေါ်၌ကပ်သော စည်းကမ်းအား စုတ်ဖြဲပြီး ပစ်ကြတယ်။ ထိုမိန်းကလေးသည် သူအိမ်ဖော်ဘဝတုန်းက လုပ်သည့်အရာထက်ပိုများများ အလုပ်လုပ်ခဲ့ရသည်။ လက်မထပ်ခင်မှာတော့ မောင်းထုတ်မှာ စိုးရိမ်ပြီး အလုပ်ကောင်းကောင်းလုပ်ခဲ့သည်။ လက်ထပ်ပြီးတော့လည်း ချစ်ခြင်းမေတ္တာနှင့် လုပ်ရတော့တာပေါ့။

ကျေးဇူးတော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းသောအသက်တာရှိဖို့အတွက် နှိုးဆော်ပေးသူဖြစ်သည်။

သခင်ခရစ်တော်က ယုံကြည်သူတွေ၏အပြစ်အားလုံးလွှတ်ပြစ်ဖို့ရန် သူ့ကိုယ်သူ ပေးဆပ်ခဲ့ပြီး သေခြင်းတရားကို ရင်ဆိုင်ခဲ့သည်။ ထိုသို့ ယေရှုသေစေသောအပြစ်၌ ယုံကြည်သူများ ခြေလှမ်းလှမ်းနိုင်ကြပြီလား။

သူ့လူမျိုးများ၏ အကောင်းဆုံးမိတ်ဆွေဖြစ်ဖို့အတွက် သက်သေပြခဲ့ပြီ။ ဘုရားသခင်ဝမ်းမြောက်စေဖို့အတွက် ဒီတိုင်းပဲနေသွားမည်လား။

သေတုန်းကလည်း ကိုယ်စားပြုသေခဲ့တာ။ သူသေတဲ့အခါ သူတို့လည်း သေကြတယ်။ အပြစ်၌သေကြပြီ။ ရှင်ပေါလုက ဤအရာနှင့်ပတ်သက်ပြီး ရောမ ၆း၁ တွင် ဤကဲ့သို့ ရေးထားပါသည်။

''ကျေးဇူးတော်ပွားများစေဖို့အတွက် အပြစ်တရားကို ကျင့်ရအုန်းမလား''[၁၂၃] ပြီးတော့ ဤသို့ တုံ့ပြန်ပါသည်။ ''ထိုသို့မနေရ။ အပြစ်တရားမှ



စုတေသောသူတို့သည် ထိုတရား၌ အဘယ်သို့ ရှင်ရဦးမည်နည်း။''[၁၂၄]

ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း သို့မရောက် သေးသောသူသည် အပြစ်၏ကျွန် ဖြစ်ပါသည်။ ယခုမူကား ကျေးဇူးတော်၏ ကျွန်ဖြစ်လာပြီ။ ခရစ်တော်ကို မှီခိုအားထားမှသာလျှင်။

အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် အပြစ်ကြွေးများကို ဆပ်ပေး၍ ပူဇော်ခြင်းသည် ထာဝရအတွက်ဖြစ်သည်။

John Bunyan က ဤသို့ဆိုပါသည်။ ''အပြစ်သည် ဘုရားသခင်၏ ကရုဏာတော်လုယူသူ၊ ဘုရားသခင်ကို ပြစ်တင်သူ၊ သူ၏ဘုန်းတန်ခိုးတော် အလေးမထားသူဖြစ်သည်။

ယုံကြည်သူအားလုံးသည် အင်မတန်အဘိုးမြတ်သော ခရစ်တော်၏ အသွေးတော်ဖြင့် ဝယ်ယူခြင်းခံသူများဖြစ်ကြသည်။

**မိမိအခြေအနေနှင့်ကိုက်ညီသောခြေလှမ်းသည်ဘယ်အရာနည်း။**

မေးခွန်းတစ်ခုကတော့ ''မိမိအခြေနှင့်ကိုက်ညီသောအရာသည် ဘယ်လို သိနိုင်မည်နည်း'' ဖြစ်ပါသည်။ ဤမေးခွန်း၏အဖြေသည် ကျမ်းစာထဲမှာ ရှိပါတယ်။ ဓမ္မသစ်ကျမ်းက လိုက်လျှောက်စရာ တစ်ရာမက သင်ပေးပါသည်။ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်သောသူများအတွက် ဘယ်ကဲ့သို့ အသက်ရှင်ရမလဲ။ ဖေက် ၄း၂၅-၃၂ က ဤသို့သင်ပေးပါတယ်။[၁၂၅]

''မုသားစကားကို ပယ်ရှားလော့။ တစ်ယောက်နှင့်တစ်ယောက် မှန်သောစကားကို မပြောကြလော့။''

''အမျက်ထွက်ရာတွင် . . . နေမဝင်စေနှင့်။''

''ခိုးတတ်သောသူသည် နောက်တစ်ဖန်မခိုးဘဲ၊ ဆင်းရဲသောသူအား

ကရာနီကုန်းပေါ်၌ ''သူတို့အပြစ်သူတို့မသိ ခွင့်လွှတ်ပေးတော်မူပါ''[၁၃၀] ဆိုပြီး ဆုတောင်းချက်သည် ပြော၍မကုန်နိုင်သော ကျေးဇူးတော်ပဲ ဖြစ်ပါသည်။

တစ်ဦးတည်းသောသားတော်သေခြင်းခံပြီးနောက် မကြာခင်မှာ ဝိညာဉ်တော်ပေးပို့ရန် တိုက်တွန်းပေးသောအရာသည်လည်း ထိုကျေးဇူးတော်ပဲ ဖြစ်ပါသည်။

ဘာကြောင့်လည်းဆိုတော့ ဘုရားသခင်သည် တိုင်းတာ၍မရသော ကျေးဇူးတော်ပေးပိုင်ရှင်ဖြစ်သည်။ ဆာလံဆရာကြီးက ''ဘုရားသခင်သည် သူ၏သားသမီးများအပေါ်မှာ ထားရှိသော ကရုဏာသည် သဲထက်များလှသည်ဟု ဆိုထားပါသည်။[၁၃၁] ''သူ့သစ္စာတော်သည်လည်း၊ ကောင်းကင်ထိတော်မူသည်။[၁၃၂] ယုံကြည်သူများခံစားရမည့်အတိုင်း မခံစားစေလိုဘဲ ခွင့်လွှတ်ပေးခြင်းသည် ဘယ်လောက်ဝမ်းသာဖို့ ကောင်းသလဲ။ ''ကိုယ်တော့်သနားကြင်နာမှုနှင့် ကျေးဇူးတရားတော်သည် ဘယ်တော့မှ ပျက်နိုင်မည်မဟုတ်။''[၁၃၃]

ဇာတိအသက်မှ ဝိညာဉ်အသက်၊ ဝိညာဉ်အသက်မှ ထာဝရအသက်ထိ တိုင်ပေးခဲ့ရခြင်းသည် အကန့်အသတ်မရှိသည့် ကျေးဇူးတော်ပဲဖြစ်ပါသည်။ ဤကဲ့သို့ ကျေးဇူးတော်မြတ်ကြီးသည် ထာဝရချီးမြောက်ခြင်း၊ ရိုသေလေးမြတ်ခြင်း လူတိုင်း၏ အရင်းအမြစ်သော အသက်ဖြစ်ပါသည်။[၁၃၄]

……☆☆☆……☆☆☆……☆☆☆……



# အခန်း (၁၃)

## လမ်းတစ်လျှောက်လုံးအတွက် ကျေးဇူးတော်

ခရစ်ယာန်အသက်တာ၌ အစမှအဆုံးထိ ဘုရားသခင်က သူ့ကိုချစ်သော သူတို့ဆီ၌ သူ၏ကျေးဇူးတော်ကို ပိုပြီးစီးဆင်းစေပါသည်။ ကျေးဇူးတော်သနားကြင်နာမှုသည် မမြင်နိုင်သောအရာကဲ့သို့ ဖြစ်ပေမယ့် ကျွန်ုပ်တို့အသက်တာဟောင်းကို ပြန်လည်စစ်ကြည့်သည့်အခါ မြင်တွေ့လို့ရနေပါသည်။

ယုံကြည်သူများက သူတို့၏အသက်ကို စောင့်ရှောက်ပေးသော ဘုရားသခင်၏ကောင်းမြတ်မှုကျေးဇူးတရား၊ သနားကြင်နာမှုကို ကောင်းကောင်းမြင်တတ်ကြသည်။ အနားတစ်ဝိုက်မှာရှိသည့် ရောဂါမျိုးစုံမှလည်းကောင်း၊ ဒဏ်ရာထိခိုက်နိုင်သောအရာမှသော်လည်းကောင်း၊ ရန်သူအမျိုးမျိုးမှလည်းကောင်း လွတ်မြောက်စေတယ်သူ၏ ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်သည်။

ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းကို ပြန်လည်စဉ်းစားကြည့်ပါ။ လူတော်တော်များများကို တစ်ဦးချင်း၏လိုအပ်ချက်များကိုပေးပြီး ပို့ဆောင်ပေးသည်။ ကောင်းကောင်းစစ်ကြည့်သည့်အခါ ဤသို့မဆိုဘဲမနေနိုင် –

> ကျေးဇူးတော်နှင့် တရားစီရင်ခြင်းနှင့်အတူ အသက်နှင့် အချိန်နာရီများ ထိန်းချုပ်ပေးသည်။ ချီးမွမ်းခြင်းမပြုဘဲမနေနိုင်။
>
> ကျွန်ုပ်အတွက် ခရစ်တော်က အကောင်းဆုံးစီမံခန့်ခွဲပေးသည်။

တစ်ခါတလေကြရင် ဘုရားသခင်က သဲသောင်ပြင်သို့ ခေါ်ဆောင်တယ်။ တစ်ခါတစ်လေတော့လည်း မှိုင်းထောင်ထားသောနေရာ၌ ခေါ်ဆောင်သည်။ ဒါပေမယ့် အထိအခိုက်မရှိပါ။ သို့သော်လည်း အလိုတော်အားလုံးယူထားသော သူ၏ သားသမီးများကို အခြားမလပ်စောင့်ရှောက်တော်မူပါ၏။

သူ၏ သိုးများကို ကျေးဇူးတော်အားဖြင့် ကျွေးမွေးတယ်။ ဘုရားသခင် ချစ်သောသူများအတွက် လုံးဝပေးထားပါသည်။ အကောင်းဆုံးသော ဂျုံနှင့်ပျားရည် အားဖြင့် ကျွေးမွေးပြီး ကောင်းသောအရာများကို လုပ်ပေးပါတယ်။[၁၂၈]

ဘုရားသခင်သည် အချိန်တန်သည့်အခါ သူ့သားသမီးများကို ခပ်သိမ်းသောအရာထိန်းချုပ်သူဖြစ်ကြောင်း ပြသတတ်ပါတယ်။ သူ၏အလိုတော်နှင့် အမိန့်တော်မရှိဘဲ ဤလောက၌ အရာတစ်ခုမျှဖြစ်မလာနိုင်။ သူ၏ သားသမီးများ ကောင်းစားဖို့ရာ အမျိုးမျိုးသောကောင်းကြီးပေးပါတယ်။ ကတိတော်လည်း ပေးပါသေးတယ်။ ဖြောင့်မတ်ခြင်းနှင့် ကောင်းမြတ်မှုက အားပြည့်စေမည်။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ကြောက်ဖွယ်သောအရာမှ လွတ်မြောက်စေမည်။[၁၂၉]

ဘုရားသခင်၏ ကျေးဇူးတော်သည် အပြစ်လွှတ်ပေးခြင်းသဘောထက်ကြီးစွာ မပေါ်လွင်ဖူးပါ။ သူ၏ကျေးဇူးတော်သည် တိုင်းတာသူတစ်ယောက်မျှမရှိပါ။ မင်းကြီးဒါဝိဒ်ကို ပြန်လည်ပြီးသတိရကြရအောင်။ Bathcheba ကို ပြစ်မှားခဲ့တယ်။ ဒါဝိဒ်သူ့အကြံအစည်ကတော့ သူပြစ်မှားပြီး Bathcheba ကလေးလွယ်ထားသည့်အတွက် အရှက်ကို ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါ။ Uriah သေနိုင်မည့်နည်းလမ်းကိုသာ ရှာကြံပြီး သေစေခဲ့သည်။ မင်းကြီးတစ်ပါးအနေဖြင့် လုပ်ထိုက်သည့်အရာမဟုတ်ပါ။ ဒါဝိဒ်အပြစ်ဝန်ချတောင်းပန်သည့်အခါ "သင်၏အပြစ်ကို ဘုရားသခင်ရွေ့လျော့ပေးပြီ" ဆိုသည့် စကားကို ကြားရောင်ခဲ့သည်။ ဤကဲ့သို့ အံ့သြဖွယ်ရာကောင်းသောအရာနှင့် ပတ်သက်ပြီး ရှာမွေလ Davies က ရေးထားပါတယ်။

အံ့ဖွယ်သောတန်ခိုးရှင်
လမ်းတစ်လျှောက်လုံး ညွှန်ခဲ့ပြီ
ကျေးဇူးတော်ထက်ကြီးသောအရာ
ကျွန်ုပ်မမြင်ဘူးပါ



ကိုယ်တော့်ကဲ့သို့ခွင့်လွှတ်နိုင်သူ
ကိုယ်တော့်ကဲ့သို့ ကျေးဇူးတော်၌ လွတ်လပ်မှုပေးသူ
တစ်ယောက်မှမရှိပါ။
လွှတ်ပေးခဲ့သောကျွန်ုပ်အပြစ် နက်လွန်းလှသည်။
ပိုးရွကဲ့သို့ ကျွန်ုပ်ကို စောင့်ထိန်းချင်သည်။
ဘုရင်တကာဘုရင်၏ ခွင့်လွှတ်ခြင်းပင်
ဤကဲ့သို့ ချီးမြှောက်ခြင်းဘယ်သူမှမပေးနိုင်
ကိုယ်တော့်ကဲ့သို့ ကျေးဇူးတော်အရှင်
ကျေးဇူးတရား၌ လွတ်လပ်ခြင်းဘယ်သူကမှ မပေးနိုင်။

ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် သူ၏သားသမီးများကို ကွယ်ကာလမ်းပြပေးပါတယ်။ (Operation)ခွဲစိတ်မှု (သို့) တစ်ခုခုကြုံတွေ့သည့်အခါ ယုံကြည်သူများသည် မမြင်နိုင်သောငြိမ်သက်ခြင်းရှိကြသည်။ အားနည်းသည့်အခါ သူတို့၏ အားအင်မဟုတ်သော ကောင်းကင်မှလာသည့် ခွန်အားများကို ရရှိတတ်ကြသည်။ သခင်ဘုရား၏ အမှုတော်ကြောင့် သေချင်းရင်ဆိုင်သူများလည်း သူတို့၏သတ္တိကြောင့်မဟုတ်။ သူ့ဘက်၌နေသော တန်ခိုးရှင်၏ ရဲစွမ်းသတ္တိကြောင့် သာလျှင် သေနတ်ပစ်သတ်ခြင်း၊ မီးရှို့ခြင်းတို့ကို ခံရဲကြပြီ။ ဘုရားသခင်သည် သူ၏ သားသမီးများကို သူတို့၏အလုပ်ပြီးဆုံးသည့်အခါ ကျေးဇူးတော်အားဖြင့် နားနေခွင့်ကို ပေးတော်မူသည်။

သူ၏ ကျေးဇူးတော်သည် အကြီးမားဆုံးအဖြစ် ပေါ်လွင်သည့်အရာကို ကျွန်ုပ်တို့ တိုင်းတာ၍ မရနိုင်ပါ။ အပြစ်သား မျှော်လင့်ချက်မဲ့သည့်သူတွေကို မျှော်လင့်ခြင်းအပြည့်အဝပေးခဲ့သည်။ အသစ်သောအသက်တာပေးဖို့ရာ ဆင်းရဲခြင်းမျိုးစုံကြိတ်မှိတ်ခံစားပေးလေသည်။

ဘုရားသခင်၏ သားသမီးများ တစ်လျှောက်လုံးလမ်းညွှန်ပြနေသူသည် ကျေးဇူးတော်ပဲဖြစ်ပါသည်။ ထိုအရာသည် အကြွေးမရှိသောသူ၊ မစဉ်းစားနိုင်သော ကောင်းကြီးမင်္ဂလာပေးပိုင်သူ ဘုရားသခင်၏ကိုယ်ဟန်ပြခြင်းသာဖြစ်ပါသည်။ ထိုသို့သောအရာသည် တရားစီရင်ခြင်း အမျက်ဒေါသကလွဲပြီး ရစရာမရှိသော သူများဆီသို့ ဘုရားသခင်ပေးသော အကောင်းဆုံးသောအရာပင်ဖြစ်သည်။

ဘုရားသခင်က သူ၏သနားကြင်နာမှုကို ယုံကြည်လက်ခံနိုင်မည့်သူ ရှာဖွေနေဆဲဖြစ်ပါသည်။ နှစ်ပေါင်းမြောက်များစွာ လူများက မယုံကြည်လိုခြင်း၊ စိတ်မာခြင်း၊ ငြင်းပယ်ခြင်း၊ တားမြစ်ခြင်းတွေကြောင့် ဘုရားသခင်၏ ကယ်တင်ခြင်းသတင်းကောင်းသည် ပျောကြားလျှက်ရှိသည်။ ပျောက်သောသိုးသည် ရှာဖွေလျှက်ရှိသည်။ ဘုရားသခင်သည် မိမိသည် အပြစ်သားဖြစ်တယ်ဟု လက်ခံနိုင်သူ၊ မိမိကိုယ်မိမိအားမထားဘဲ ခရစ်တော်သည် ကျွန်ုပ်၏ကယ်တင်ရှင်အဖြစ် လက်ခံမည့်သူကို ရှာဖွေလျှက်ရှိပါသည်။ အင်မတန်မှ လွယ်ကူသည့်အရာဖြစ်သော်ငြားလည်း . . . ။

ဘုရားသခင်က ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် လက်ခံသူရှိသမျှအားလုံးသည် ဖြောင့်မတ်သူဟု သတ်မှတ်လက်ခံလျှက်ရှိကြောင်း မမေ့ပါနှင့်။ ASHA Ironside က ဤကဲ့သို့ ပြောထားပါတယ်။ “ဘုရားသခင်က သူ့ကိုယုံကြည်ပြီး ကောင်းကင်သို့ ဝင်စားလိုသောသူအားလုံး ကောင်းကင်သို့ခေါ်ဆောင်နိုင်ဖို့အတွက် သူတော်၏လုပ်ပေးသောအရာများကို အလေးအနက်ထားသည်။ အနိုင်းမဲ့ကျေးဇူးတော်ပဲဖြစ်ပါသည်။[၁၃၅]

ဘုရားသခင်၏ ကျေးဇူးတော် ဘယ်လောက်ကြီးမားကြောင်း၊ ခရစ်တော်၏ အထဲမှ ငါ့တို့ဆီသို့ အမြဲတမ်းပေါ်လွင်စေရမည်။ ထိုအရာက ပျောက်သောသူများကို ရှာဖို့ရာ တစ်ဦးတည်းသော သားတော်ကို ဤအမှောင်လောကထဲတွင်



# အခန်း (၁၄)

## အတိုချုပ်ပြီး ဆွေးနွေးခြင်း

အခု ကျွန်ုပ်တို့ဘုရားသခင်၏ ကျေးဇူးတော်နှင့် ပတ်သက်ပြီး အတိုချုပ်ဆွေးနွေးကြရအောင်။

ပထမဆုံးမေးခွန်း ကျွန်ုပ်တို့ဆွေးနွေးသည့်အရာက ဘုရားသခင်၏ကယ်တင်ခြင်းအကြံအစည်တော်ဖြစ်ပြီး ဘုရားသခင်အပြစ်သားများ၏ အပြစ်လွှတ်ပေးသည့်အခါ သူ၏ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းမှုများကို မထိမခိုက်ဘဲ ဘယ်လိုလုပ်ဆောင်ပါသလဲဆိုသည့် အရာဖြစ်ပါသည်။

ဤမေးခွန်း၏ အဖြေကတော့ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံစေပြီး ကိုယ်စားပြုခြင်းအလုပ်ကို လုပ်ဆောင်ရန်စေလွှတ်ပါသည်။ ခရစ်တော်ကမူ အပြစ်အတွက် အပြစ်ကြွေးအားလုံးပေးဆပ်ပြီးပြီဖြစ်ပြီး သူ့ကိုယုံကြည်သူအား လုံးဝထာဝရအသက်ပေးတော်မူသည်။

အပြစ်သားများအပေါ် ဘုရားသခင်ထားပေးတော်မူသောချစ်ခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့်သာ ဖြစ်ပါသည်။ ထိုသို့ ကျေးဇူးတော်ကို ရှင်းလင်းစွာ သိရှိရန် ခရစ်တော်သည် ဘယ်သူနည်း၊ ဘာလုပ်ခဲ့သလဲ၊ ဘယ်သူ့အတွက်လုပ်သလဲ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်လက်ခံသောသူတွေ၏ ခံစားရသောကောင်းကြီးများကို သိရှိဖို့ လိုအပ်ပါသည်။

ကမ္ဘာပေါ်တွင် အခြားသော ကိုးကွယ်ခြင်းတစ်မျိုးပဲ ရှိပါသည်။ ထိုအရာသည် အခြားသော သတင်းဖြစ်သည်။ ဒါပေမယ့် ကောင်းသောသတင်းအကြောင်းမဟုတ်ပါ။ ထိုအခြားသော သတင်းကောင်းသည် လူများများကို မိမိလုပ်ဆောင်ခြင်းအားဖြင့် ကောင်းကင်သို့ ဝင်စားရန် ကြိုးစားစေသည်။ ဤအရာသည် အင်မတန်ကျော်ကြားပြီး လူ၏မာန်မာနထောင်လွှားစေပြီး နက်နဲသောစကားလုံး

များ အသုံးပြုပြီး ဝါကြွားတတ်ပေမယ့် ခိုင်မာသောကယ်တင်ခြင်း၊ ထာဝရအသက် မပေးနိုင်ပါဘူး။ သူတို့၏ သွန်သင်ချက်လိုက်နာသောသူများကိုပင် မစောင့်ရှောက်နိုင်ပဲ ငရဲသို့ ခေါ်ဆောင်သွားတတ်သည်။

ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရသောသူများကတော့ ကိုးကွယ်ခြင်း၊ ခရီးဆက်ခြင်းကို ခရစ်တော်၌ ပေးတတ်ကြသည်။ လုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်းရှာသောသူတို့သည် မိမိကိုယ်မိမိ ချီးမြှောက်တတ်ကြသည်။ ဤဖြစ်ပျက်သည့်နှစ်ခုကိုကြည့်ပြီး ကောင်းကင်နိုင်ငံဝင်စားနိုင်ဖို့အတွက် ဘယ်အပေါ်မှာ မူတည်သလဲဆိုတာ သင်ခွဲခြားတတ်မှာပါ။

ကယ်တင်ခြင်းသည် လုပ်ဆောင်ခြင်းဖြင့် မဟုတ်ဟုဆိုသည့်အခါ ကောင်းသောလုပ်ဆောင်ချက်များကို ကျွန်ုပ်တို့ တိုက်လှန်ခြင်းမဟုတ်။ ကျွန်ုပ်တို့ပြောချင်တာကတော့ ကယ်တင်ခြင်းအတွက် လုပ်ဆောင်ခြင်းသည် လုံးဝအပြစ်မဟုတ်ကြောင်းကို ပြောဆိုချင်တာဖြစ်ပြီး ကယ်တင်ခြင်း၏အသီးဖြစ်ကြောင်း ဖော်ပြနေခြင်းဖြစ်ပါသည်။ လုပ်ဆောင်ခြင်းကြောင့် ကယ်တင်ခြင်းသို့ရောက်သည်မဟုတ်ဘဲ ကောင်းသောအရာလုပ်ဆောင်နိုင်ဖို့အတွက် ကယ်တင်ခြင်းသို့ရောက်ကြသည်။ လုပ်ဆောင်ခြင်းသည် ကယ်တင်ခြင်း၏ အရင်းမဟုတ်ဘဲ အသီးများသာဖြစ်သည်။

နောက်တစ်ခုမေးခွန်းကတော့ ပြောင်းလဲပြီးမှ ကယ်တင်ခြင်းပြန်ပြီး ပျောက်နိုင်ပါသလား ဖြစ်ပါသည်။ ကျမ်းစာ၏ သွန်သင်ခြင်းနှင့် ကျေးဇူးတော်၏ သွန်သင်ချက်ကတော့ ''မပျောက်နိုင်ဘူး''။ အပြစ်နှင့် အဆက်အသွယ်ပပျောက်စေပြီး ပြန်လည်ပြီး မပေါင်းစပ်နိုင်တော့ပါ။ မိတ်သဟာယအဆက်အသွယ်သည် ကြိုးပျော့လေးကဲ့သို့ဖြစ်ပြီး ပြန်လည်ပေါင်းစပ်ခြင်းသည် မပျက်နိုင်သောသံမဏိထက် ခိုင်မာပါသည်။ ယုံကြည်သူတစ်ယောက်အပြစ်ဝန်ချတောင်းပန်သည့်အခါ အပြစ်လွှတ်ခြင်းကို ရရှိပြီး ဘုရားသခင်နှင့် အတူတကွ ပေါင်းဆပ်ခြင်းရှိပါသည်။



ခရစ်ယာန်အားလုံးသည် ဒုတိယမွေးဖွားခြင်းခံသည့်သူတွေ မဟုတ်ပါ။ လူသည် အပြစ်ကအုပ်ချုပ်ပြီး အမြဲတမ်းအပြစ်ပဲ လုပ်နေပါက သူ၏ယုံကြည်ခြင်းသည် သံသယဝင်စရာရှိသည်။ ပိုင်ဆိုင်သူမဟုတ်ဘဲသိသောသူဖြစ်သည်။ ခရစ်တော်အသက်တာ၌ ဝင်စားသည့်အခါ ထိုသူသည် အမြဲတမ်းထူးခြားမှုရှိတတ်သည်။

ကျေးဇူးတော်ကို တန်ဖိုးထားတတ်သောသူအတွက် လက်ဆောင်ပေးသူသည် အဘိုးအခပေးသူဖြစ်ပြီး လက်ဆောင်လက်ခံရရှိပြီဆိုပြီး ပြောပြဖို့လိုအပ်ကြသည်။ လက်ဆောင်ဆိုသည့်အရာသည် ရရှိသူက မဟုတ်ဘဲပေးတဲ့သူက အမြဲတမ်းတန်ဘိုးပေးရသည်။ ဘုရားသခင်က ထာဝရအသက်လက်ဆောင်ပေးဖို့အတွက် အဘိုးအကြီးဆုံးသောအရာပေးဆပ်ခဲ့ပါတယ်။

ကောင်းသောပစ္စည်းကဲ့သို့ မှားယွင်းစွာကျေးဇူးတော်သည် အသုံးပြုမိရန်လွယ်ပါသည်။ လူတွေက ဤကျေးဇူးတော်ကို မမှန်မကန်အလွဲသုံးစားသုံးဖို့အတွက် (လိုင်စင်) ကဲ့သို့ ထားတတ်ကြသည်။ ထို့ကြောင့် ကျေးဇူးတော်ယုံကြည်မှုအပေါ်မှာမဟုတ်ဘဲ မှားယွင်းစွာအသုံးပြုသောသူ၏အသက်တာကို စစ်ဆေးဖို့လိုပါသည်။

ပညတ်တော်မဟုတ်၊ ကျေးဇူးတော်သည် သန့်ရှင်းသော အသက်တာပိုင်ဆိုင်ဖို့ရန် နိုးဆွပေးသူဖြစ်ပါသည်။ ပညတ်တရားကတော့ လုပ်ဆောင်ရန် စေခိုင်းပေမယ့်၊ မလုပ်နိုင်သောသူကို အပြစ်ဒဏ်ပေးတတ်သည်။ ကျေးဇူးတော်ကတော့ ခရစ်တော်က အလုပ်ပြီးစီးကြောင်းကြေငြာပြီး ယုံကြည်ခြင်းအား သန့်ရှင်းသောအသက်တာရှိဖို့ လှုံ့ဆော်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်က ယုံကြည်သူများကို သူ့ရှေ့တော်၌ စုံလင်သူနေရာ၌ ထားပေးတော်မူပါတယ်။ ထိုသို့ စုံလင်သောအသက်တာနှင့် ကိုက်ညီစွာအသက်ရှင်ရန် ဖိတ်ကြားပါသည်။ ဓမ္မသစ်ကျမ်းက မိမိနေရာနှင့် ကိုက်ညီသောအသက်တာနှင့်ကိုက်ညီစွာ နေထိုင်ရန် အားပေးကြောင်းတွေ့ရှိပါသည်။

၂၁။ Quoted in Baptist Biblical Heritage, April 1999, P. 1.

## အခန်းကြီး (၃)

၂၂။ ဟေ ၄း၁၀

၂၃။ ယော ၁း၁၂၊ ၃း၁၅–၁၆၊ ၃း၃၆၊ ၅း၂၄၊ ၆း၄၀–၄၇၊ ၇း၃၇–၃၈၊ ၁၁း၂၅–၂၆၊ ၂၀း၃၁။ တမန် ၁၆း၃၁၊ ရော ၁၀း၉။ ဂလာ ၂၂–၂၆၊ ဖေက် ၂း၈။ ၁ ယော ၅း၁၀–၁၃။

## အခန်းကြီး (၄)

၂၄။ ဖေက် ၂း၈–၉

၂၅။ ဆာလံ ၄၀း၁–၃

၂၆။ Surprised by Joy (New York: Harcourt Brace Jovanorich, Publishers, 1984), P. 229.

၂၇။ မဿဲ ၂၀း၁၆

၂၈။ ၁ သက် ၄း၁၊ Note also such expressions of grace as "I besseech you" ရော ၁၂း၁ "Do not let" (ရော ၆း၁၂)

## အခန်းကြီး (၅)

၂၉။ ဟေရှာ ၄၀း၁၂

၃၀။ Quoted in Baptist Biblical Heritage, April 1999, P. 1.

၃၁။ ယော ၁၇း၉

၃၂။ ရော ၃း၂၃



စေလွှတ်ပြီး ကယ်တင်ခြင်း ထာဝရအသက်အတွက်သာမက ကရာနီကုန်းပေါ်မှာ လုပ်ဆောင်ခဲ့သော အလုပ်အားဖြင့် ကျွန်ုပ်တို့ဆီသို့ရောက်လာသော ကောင်းကြီးများသည်လည်း ထာဝရတည်သွားမည်ဖြစ်သည်။

သမ္မာကျမ်းစာသည် ကျေးဇူးတော်နှင့် အဆုံးပိတ်သလို ကျွန်ုပ်တို့သည် ဖြစ်ရလိမ့်မည်။ ဘုရားသခင်၏ ကျေးဇူးသနားကြင်နာမှုသည် သင်တို့၌ တည်ပါစေ။ [၃၆] အာမင်။

### ကျွန်ုပ်ခိုလှုံရာနေရာ

အပြစ်သားများကယ်တင်သူ
ချိုသာသော ချစ်ခြင်းမေတ္တာ
အနှိုင်းမဲ့ လွတ်လပ်မှု၊ ထာဝရကျေးဇူးတော်
ကျွန်ုပ်ဝိညာဉ်အတွက် ခိုလှုံရာပေးခဲ့သည်။

ကောင်းကင် ဖန်ဆင်းသူ၊ ကျွန်ုပ်တိုက်လှန်မိခဲ့
ကျေးဇူးတော် ကျွန်ုပ်မထင်မှဲမြင်ပြုခဲ့ပြီ
ခိုလှုံမည့်နေရာမရှာဖွေဘဲ ဝါကြွားခဲ့သည်။

ဂေတ္တာအမှောင်၌ ခြေနှောင်သည့်သူများ
အလင်းထက် အမှောင်တပ်မက်ပြီး
အပြစ်အတွက် အပြေးပြိုင်ပွဲအဆုံးထိ ပြေးခဲ့ရတယ်
ခိုလှုံမည့်နေရာ၌ ကျွန်ုပ်မခိုလှုံခဲ့ပါ

ဒါပေမယ့် ထာဝရဘုရား၏
ချစ်ခြင်းမေတ္တာတော် ကိုင်တွယ်လျက်
အဆုံးသော မျှားဒဏ်ကျွန်ုပ်ခံစားရ
ခိုလှုံရာ ကျွန်ုပ်၌မရှိကြောင်းသိရပြီ။

ဖြောင့်မတ်ခြင်းနှင့်ရပ်လျက်ကြည့်သည့်အခါ
ရှိနာတော်၌ ပျံ့သန်းရ။ ဒါပေမယ့် ဖြောင့်မတ်ခြင်းက
ဤတောင်သည် ခိုလှုံရာမဟုတ်ဟု အော်ဟစ်ပါသည်။

မကြာခင်မှာ ကောင်းကင်မှ အသံကြားရတယ်
ကြီးမြတ်သော ကောင်းကင်တမန်ပေါ်ထွန်းပြီ
ဝမ်းမြောက်သောမျက်နှာနှင့် ခေါ်ဆောင်သည်
ခိုလှုံရာ ခရစ်တော်ဆီသို့။

လောကအပြစ်သားများကို မြို့ချမည့်ငရဲ
ကောင်းကင်၏ အဖိုးအခပေးသူရောက်လာ
အပြစ်သားများအတွက် ထမ်းဆောင်
ထိုသို့ခိုလှုံရာနေရာဖြစ်လာသည်။

မိုးချိန်းလေပြင်းတိုက်ပြီး
ဤလောကသည် တွန့်တွန့်တုံလှုပ်သော်လည်း
လွတ်မြောက်သူ ကျွန်ုပ်သိသည်

ခရစ်တော်သည် ကျွန်ုပ်ခိုလှုံရာဖြစ်သည့်အတွက်ပင်
နေမင်းကြီးဝင်သောအဆုံးတိုင်
ကာနန်မြစ်နား၌ ကျွန်ုပ်ကိုခေါ်ဆောင်မည်
ကျေးဇူးတော်သီချင်းသီဆိုပြီး
ကျွန်ုပ်ခိုလှုံရာနေရာ မြင်တွေ့ရမည်။

စက်တင်ဘာလ ၂၃၊ ၁၉၈၀ ခုနှစ်တွင် Major Andre ဖမ်းဆီးခြင်းခံတုန်းက သူ၏အိမ်ထဲမှာ မြင်တွေ့ရသောအရာဖြစ်ပြီး သူရေးသည့်စာဟုတ်သလား၊ မဟုတ်သလားဘယ်သူမှ မသိနိုင်။



# အခန်းကြီး (၂)

၁။ ၁ တိ ၂း၅
၂။ ယော ၁း၁
၃။ ၂ ကော ၅း၂၁၊ ၁ ပေ ၂း၂၂၊ ၁ ယော ၃း၅
၄။ ၁ ယော ၁း၇
၅။ ဆာ ၄၀း၈၊ ဟေ ၁၂း၂
၆။ ဟေရှာ ၅၃း၄–၆
၇။ ယော ၁း၂၉
၈။ ဂလာ ၂း၂၀
၉။ ၁ ပေ ၂း၂၄
၁၀။ ၁ ယော ၂း၂
၁၁။ ယော ၃း၁၆
၁၂။ ၁ ယော ၂း၂
၁၃။ ရော ၃း၂၃
၁၄။ မဿဲ ၁၁း၂၈
၁၅။ ဗျာ ၂၂း၁၇
၁၆။ Chuck Smith, His Workmanship, Servants of the King, Bromley, Kent, England : STL Books, 1989, pp.139-40.
၁၇။ ယော ၃း၃၆
၁၈။ ဆာ ၈၅း၁၀
၁၉။ The Applause of Heaven, Dallas : Word Publishing, 1990, pp. 175-76.
၂၀။ John F. Mac Arthur, Jr. Faith Works, Dallas: Word Publishing, 1993, pp. 99.

၈၅။ ယော ၁၂း၂၆၊ ၁ကော ၃း၈၊ ဖေက် ၂း၁၀၊ ၆း၈၊ တိတု ၃း၈၊ ဟေ ၆း၁၀၊ ဗျာ ၁၂း၁၂။

## အခန်းကြီး (၁၀)

၈၆။ ယော ၁၀း၂၇–၂၈
၈၇။ ရော ၁၁း၂၉
၈၈။ ၁ ပေ ၁း၅၊ ယုဒ ၂၄
၈၉။ ရော ၆း၂၃
၉၀။ ယော ၁း၁၂
၉၁။ ရော ၈း၃၀
၉၂။ ယော ၁၄း၁၆
၉၃။ ၂ ကော ၁း၂၂၊ ၅း၅၊ ဖေက် ၁း၁၄
၉၄။ ၂ ကော ၁း၂၂၊ ဖေက် ၁း၁၃၊ ၄း၃၀
၉၅။ ရော ၅း၁၀
၉၆။ ယော ၅း၂၄
၉၇။ ၁ ကော ၁၅း၃
၉၈။ ယော ၁၉း၃၀
၉၉။ ရော ၈း၃၈–၃၉
၁၀၀။ ၁ ယော ၁း၆
၁၀၁။ ၁ ယော ၂း၁ခ
၁၀၂။ ၁ ယော ၁း၇
၁၀၃။ ဆာ ၅၁း၁၂
၁၀၄။ ဆာ ၃၂း၄
၁၀၅။ ကမ္ဘာ ၁၉း၁၄ခ



၃၃။ ဖေက် ၂း၂–၃၊ ၁၂
၃၄။ Our Daily Bread, April 20, 1999.
၃၅။ Quoted in the power of story, Leighton ford, Colorado Springs: Navpress, 1994, P. 112.
၃၆။ The Heart of the Gospel, Wheaton, III ∴ Crossway, 1991, 165-66.
၃၇။ ရော ၆း၂၃
၃၈။ ယော ၁၀း၁၀
၃၉။ ကောလော ၁း၂၇
၄၀။ ဖေက် ၁း၇
၄၁။ ကောလော ၂း၁၄
၄၂။ ၁ ပေ ၁း၁၈
၄၃။ ဖေက် ၂း၅
၄၄။ ဖေက် ၁း၆
၄၅။ ကောလော ၂း၁၀
၄၆။ ယော ၁၇း၂၃
၄၇။ ရော ၅း၁
၄၈။ ဟေ ၁၀း၁၀
၄၉။ ဟေ ၄း၁၄–၁၆၊ ရော ၈း၃၄၊ ၁ ယော ၂း၁၊ ယော ၁၄း၁၆
၅၀။ ယော ၁၄း၁၆–၁၇
၅၁။ ၁ ကော ၁၂း၁၃
၅၂။ ဖေက် ၁း၁၃
၅၃။ ဖေက် ၁း၁၄
၅၄။ ၁ယော ၂း၂၇
၅၅။ ဖေက် ၂း၁၈

၅၆။ ဟေ ၁၀း၁၉
၅၇။ ဖိလိ ၃း၂၀
၅၈။ ယော ၁း၁၂
၅၉။ ဂလာ ၄း၆
၆၀။ ရော ၈း၁၇
၆၁။ ၁ ပေ ၂း၅, ၉
၆၂။ ရော ၈း၃၇
၆၃။ ၁ယော ၃း၂
၆၄။ ဖေက် ၁း၃
၆၅။ C.H. Spurgeon, Sermons on the Book of Daniel, Grand Rapids: Zondervan publishing House. 1966, P. 54.
၆၆။ Persuasion, London: MacDonald and Jane's, 1974, P. 273.
၆၇။ ရော ၅း၂၀

## အခန်းကြီး (၆)

၆၈။ သုတ္တံ ၁၄း၁၂
၆၉။ ရော ၁၁း၆
၇၀။ လု ၁၈း၁၈
၇၁။ ရော ၃း၂၀၊ ၂၈၊ ၄း၅၊ ဂလာ ၂း၁၆၊ ၃း၁၀-၁၁၊ ဖေက် ၂း၉၊ ၂ တိ ၁း၉၊ တိတု ၃း၅။
၇၂။ ရော ၃း၂၀၊ ၂၈၊ ၄း၅။ ဂလာ ၂း၁၆၊ ၃း၁၀-၁။ ဖေက် ၂း၉၊ ၂ တိ ၁း၉၊ တိတု ၃း၅
၇၃။ ရော ၄း၁၆



၇၄။ ဂလာ ၄း၂၈-၃၁

## အခန်းကြီး (၇)

၇၅။ ရှသ ၂း၁၀
၇၆။ ၂ ရာမွေ ၇း၁၈
၇၇။ ၂ ရာမွေ ၉း၈
၇၈။ ဖေက် ၃း၈-၉
၇၉။ From Victorious you should know, warren W. Wiersbe (Grand) Rapids: Baker Book House, 1989), Pp. 63-64.
၈၀။ ကယ်တင်ခြင်းနှင့်ပတ်သက်ပြီး Arminian တွေက လူ၏ရွေးချယ်မှုကို အဓိကထားကြသည်။ Calvinist တွေကတော့ ဘုရားသခင်၏ ရွေးချယ်မှုကို အဓိကထားကြသည်။

## အခန်းကြီး (၈)

၈၁။ The Bible Expositon Commentary, Vol.2, Wheaton, Il Victor Books, 1989, P. 84.
၈၂။ ယုဒ ၂၄

## အခန်းကြီး (၉)

၈၃။ ယော ၆း၂၉
၈၄။ ဟေရှာ ၆၄း၆

၁၀၆။ ၂ ရာမွေ ၁၂း၁၄
၁၀၇။ ၂ တိ ၂း၁၉ခ
၁၀၈။ ဆာ ၆၆း၁၈
၁၀၉။ ၁ ကော ၃း၁၅
၁၁၀။ ၁ ကော ၁၁း၃၀က
၁၁၁။ ၁ ကော ၉း၂၇
၁၁၂။ ၁ ကော ၁၁း၃၀ခ
၁၁၃။ ၁ကော ၃း၁၅ခ
၁၁၄။ သုတ္တံ ၂၈း၁၃

## အခန်းကြီး (၁၁)

၁၁၅။ ရော ၆း၁၄
၁၁၆။ ၁ ကော ၉း၂၁
၁၁၇။ ယော ၈း၃၆
၁၁၈။ ဂလာ ၅း၁၃
၁၁၉။ ယော F. MacArthur, Jr., Faith Works, Dallas: Word Publishing, 1993, P. 120
၁၂၀။ ယုဒ ၄

## အခန်းကြီး (၁၂)

၁၂၁။ ဂလာ ၃း၃
၁၂၂။ J.F, Strombeck, Jisciplined by Grace, Grace and Truth,

Moline, III: 1946, P. 102.

၁၂၃။ ရော ၆း၁

၁၂၄။ ရော ၆း၂

၁၂၅။ ဖေက် ၄း၂၅–၃၂

၁၂၆။ တိတု ၂း၁၂

၁၂၇။ J. F Strombeck, Disciplined by Grace, P. 20.၈

## အခန်းကြီး (၁၂)

၁၂၈။ ဆာ ၈း၁၆

၁၂၉။ ဟေရှာ ၅၄း၁၆

၁၃၀။ လု ၂၃း၃၄

၁၃၁။ ဆာ ၁၃၉း၁၇–၁၈

၁၃၂။ ဆာ ၃၆း၅

၁၃၃။ ဆာ ၁၀၃း၁၀

၁၃၄။ ယေရမိ၊ မြည်တမ်း ၃း၂၂–၂၃

## အခန်းကြီး (၁၄)

၁၃၅။ H.A. Ironside, The Levitical Offerings, Neptune, NJ: Loizeaux Bros., 1982, P.64.

၁၃၆။ ဖေက် ၂း၇။